www.burmeseclassic.com

# မြန်မာ့ရိုးရာ

# ပုံပြစကားထာ

BURMESE CLASSIC

ဦးကောင်းထူး

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်** ❖ ၄၀၀၂၁၃၀၂၁၁

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** ❖ ၄၀၀၅၀၆၀၅၁၁

**အုပ်ရေ** ❖ ၁၀၀၀အုပ်

**ပထမအကြိမ်** ❖ ၂၀၁၁ခုနှစ်၊ ဇွန်လ

**အဖုံးဒီဇိုင်း** ❖ ဝင်းနိုင်(A-7)

**အတွင်းဖလင်** ❖ A-7 Group (Asia Plaza)

**ထုတ်ဝေသူ**

ဦးခင်မောင်ဦး (မြဲ-၀၄၀၇၃)
၄၇၃၊ (က)၊ နီလာ (၆) လမ်း၊ (ဂ) ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

**အဖုံးနှင့် အတွင်းစာပုံနှိပ်သူ**

ဦးအောင်မြင့်သိန်း (မြဲ-၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ် - ၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**တန်ဖိုး** ❖ ၃၀၀ကျပ်

၃၉၈၆

ကောင်းထူး၊ဦး

မြန်မာ့ရိုးရာပုံပြစကားထာ/ဦးကောင်းထူး၊ -ရန်ကုန်၊
မြတ်ပန်းရဂုံစာပေ၊ ၂၀၁၁။


၁၉၀ - စာ၊ ၁၂.၅ × ၁၇.၅ စင်တီ။

(၁) မြန်မာ့ရိုးရာပုံပြစကားထာ

www.burmeseclassic.com

www.burmeseclassic.com





သည်တစ်ခါဝှက်မယ့်စကားထာလေးကတော့ လူတိုင်းအတွက် သည်းခြေရိုက်စရာအသုံးအဆောင်ကလေးလို့ပြောရမှာပါပဲ။သူ့အတွက်နဲ့ လူတွေဟာအလုပ်လုပ်နေ ကြရတယ်။ သူ့ရှိမှလည်း အစစအရာရာအဆင်ပြေမှာကိုး...။

သူဟာ..သူ့အပေါ်ချစ်တဲ့သူကိုပြန်ချစ်တတ်ပါတယ်။ မိုက်တိမိုက်ကန်းလူတွေနဲ့တော့ သူဟာ သူစိမ်းပြင်ပြင်ပါပဲ။ ဒါကိုပဟေဠိဝှက်ထားတာပါ။

*လူတိုင်းစိတ်မှာ သည်းခြေကြိုက်*
*ရှာဖွေ စဉ်တစိုက်*
*လူမိုက်ထံကျ သူမရှိ*
*ဘာလဲ..ဖြေပါဘိ... တဲ့။*

ကိုင်း....ဒီလောက်ဆိုရင်အဖြေမှန်ပေးနိုင်လောက်ပါပြီနော်။

www.burmeseclassic.com

www.burmeseclassic.com






# အငြ

ငွေကြေး။

www.burmeseclassic.com

www.burmeseclassic.com





အခုတစ်ခါဝှက်မယ့် ပဟေဋ္ဌိလေးကတော့ ပျိုမေအမျိုးသမီးတွေရဲ့အသုံးအဆောင်လေးတစ်ခုကို စကားထာဖန်တီးတာဖြစ်ပါတယ်။ အဲဒီပစ္စည်းလေးနဲ့ဘယ်လိုထိုးပါစေ..အထိုးခံရသူမှာ နာကျင်မှုမရှိဘဲပြုံးရွှင်ကျေနပ်တဲ့အပြင် သူ့အပေါ်ကိုတောင်မြတ်နိုးတန်ဖိုးထားပြန်ပါသတဲ့။ အဲဒါကိုပဟေဋ္ဌိဝှက်ထားတာ။

*ဘယ်လိုထိုးထိုး ပြုံးပြုံးရွှင်*
*ခံသူ မနာကျင်။*
*ကညာပျိုခြင် အသည်းစွဲ*
*ဘယ်လျှဆိုးလေးလဲ....တဲ့။*

အဲသည်လူဆိုးလေးဟာဘယ်သူများဖြစ်မယ်ဆိုတာ ဖြေကြည့်ကြပါဦး.အဖြေတစ်ခုထက်မက ပိုထွက်နိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





# အငြို

- ဆံထိုး။

- ရင်ထိုး။

www.burmeseclassic.com

www.burmeseclassic.com





သည်တစ်ခါဝှက်မယ့် စကားထာပဟေဠိကလေးကတော့ သက်မဲ့ ပစ္စည်းလေးတစ်ခုပါပဲ။ သက်မဲ့ပစ္စည်းဖြစ်ပေမယ့် သူက တိုင်းသူပြည်သားတွေရဲ့ရှိသေလေးမြတ်မှု ခံရတယ်။ သည်တော့ တန်ဖိုးအနုလ္လသိပ်ကိုကြီးမားတဲ့ ပစ္စည်းလို့ဆိုရင် လည်းမမှားပါဘူး။ ကဲ..စကားထာလေးကို ကြည့်ကြရအောင်။

*တိုင်ထိပ်မှာ မြူးဝင့်စွာ*<br>
*လေလာတော့ တဖျတ်ဖျတ်။*<br>
*ပြည်သူတွေ ဦးနှိမ်ညွှတ်တယ်*<br>
*အထွတ်အမြတ်....တဲ့။*

အဲသည်ပစ္စည်းလေးရဲ့နေရာ၊ လှုပ်ရှားမှု၊ သူ့ရဲ့တန်ဖိုးဂုဏ်တွေ ဖော်ပြထားတယ်ဆိုတော့ အဖြေမှန်လေးကို ပေး နိုင် လောက်ပြီထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com





# အငြို


နိုင်ငံတော်အလံ၊



www.burmeseclassic.com

www.burmeseclassic.com





သည်တစ်ခါဝှက်မယ့် စကားထာလေး ကတော့ ဆိတ်နဲ့ ပတ်သက်တဲ့ပဟေဠိကလေးပါပဲ။ သည်ဆိတ်ဟာ..ပဲအဲ..အဲ ဆိုပြီး အသံမပြည်ပါဘူး။ ဒါပေမယ့် ဆိတ်တော့ ဆိတ်ဆိုပဲ။ ပြီးတော့ . . . အမွေးအမျှင်တွေ ကလည်း ထူလပျစ်နဲ့ ဆိုပဲ။ စကားထာ လေးကိုကြည့်လိုက်ကြပါဦး။

***ဆိတ်တော့ဆိတ်ပဲ အ သေးမျှ***
***ပဲ...လို့ မပြည်ပါ။***
***အမွေးများစွာ ထူပျစ်ခဲ***
***အဲဒါ...ဘာဆိတ်လဲ....တဲ့။***


ကိုင်း စဉ်းစဉ်းစားစား တွေးတွေးဆဆနဲ့ အဖြေမှန်လေးတွေ ပေးကြည့်ကြပါဦး။ သဲလွန်စလေးတွေ ကောက်ယူဘတ်မယ် ဆိုရင် အဖြေမှန်မဝေးတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com





# အငြဲ

မှတ်ဆိတ်။

www.burmeseclassic.com



သည်တစ်ခါဝှက်မယ့် စကားထာလေးကတော့ ပူခန္ဓာကိုယ်မှာရှိတဲ့တစ်ခုသောအင်္ဂါအစိတ်အပိုင်းကိုပဟေဠိဝှက်ထားတာ ဖြစ်ပါတယ်။

သူက အပင်ဖြစ်ပါတယ်တဲ့၊အဲသည်အပင် ရှင်သန်ဖို့ရာ ရေလောင်းစရာမလို၊ ပေါင်းသင်စရာမလို၊ မြေဆီဩဇာကျွေးစရာမလိုပါဘူး။ ပြီးတော့အပင်သက်တမ်းနုတဲ့အခါ မည်းနက်ပြီးသက်တမ်းရင့်တဲ့ အခါကျတော့ ဖြူဖွေးလာပါသတဲ့၊ ကိုင်း... စကားထာလေးကို ကြည့်လိုက်ကြပါဦး။

*ရေမလောင်း... ပေါင်းမသင်*
*မြေဆီလျှင်... မကျွေး။*
*ငယ်နုစဉ် နက်မှောင်စွာပေါ့*
*ကြီးလာတော့ ဖြူဖြူဖွေး*
*ဘာအပင်တဲ့လေး...တဲ့။*

စကားပုံထဲမှာ သဲလွန်စတွေကိုဖေါ်ပြထားပြီးပြီမို့ အဖြေမှန်ပေးနိုင်လောက်ပြီထင်ပါတယ်။

www.burmeseclassic.com





# အငြှေ

ဆံပင်။

www.burmeseclassic.com

www.burmeseclassic.com 



သည်တစ်ခါဖတ်မယ့် စကားထာလေးကတော့ သက်မဲ့ပစ္စည်းလေးတစ်ခုကို ပဟေဠိဖွက်ထားတာပါပဲ။ သူဟာသက်မဲ့ပစ္စည်းဖြစ်လင့်ကစား လူသားတွေအတွက်၊ အထူးသဖြင့်မြန်မာနိုင်ငံသူနိုင်ငံသားတွေအတွက်မိတ်ကောင်းဆွေမွန်ဆိုရင်မမှားပါဘူး။ သူ့ရဲ့ခန္ဓာကိုယ်တည်ဆောက်မှုဟာ ဝဝဖြိုးဖြိုးတုတ်တုတ်ခဲခဲဆိုရင် သက်တမ်းရှည်ပြီး ပိန်လှီသွယ်လျနေမယ်ဆိုရင်သက်တမ်းတိုပါသတဲ့။ ..ကဲ...စကားထာလေးကိုကြည့်လိုက်ကြပါဦး။

***ခန္ဓာဝဝတော့...အသက်ရှည်***
***ပိန်လှီတော့ အမြန်ရှော။***
***မီးတွေလျှင် အလွန်ကြောက်ရဲ့***
***ဘာတဲ့လဲ...ပြော...။***

သည်လောက်ဆိုရင် ဘာပစ္စည်းဖြစ်မယ်ဆိုတာ အဖြေပေးနိုင်လောက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com




**အမြဲ**

ဖယောင်းတိုင်။

မြတ်ပန်းရုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com




သည့်တစ်ခါဝှက်မယ့် စကားထာလေးကတော့ မျက်စိအမြင်အာရုံနည်းပါးရာပြီဖြစ်တဲ့သက်ကြီးရွယ်အိုတွေ အခက်တွေအောင်မသိမသာဒုက္ခပေးတတ်တဲ့ အိမ်တွင်းမှုဆိုင်ရာပစ္စည်းလေးတစ်ခုကိုပဟေဠိဝှက်ထားတာပါ။

ကိုင်း...စကားထာလေးကိုကြည့်ကြရအောင်။

**ထိုးသော်တဲ့ ထိုးသော်**<br>
**ကြိုးချော်လို့သွား။**<br>
**အမယ်အိုအမြင်ကတ်အောင်**<br>
**ဒုက္ခတွေတရစပ်**<br>
**ပေးတတ်ပါလား...တဲ့။**


အဲသည်စကားထာမှာအပေါ်ကြောင်းလေးနှစ်ကြောင်းက အဖြေမှန်ရအောင်သဲလွန်စပေးထားတာဖြစ်ပါတယ်။

မျက်စိမှုန်ပြီဖြစ်တဲ့ အမယ်အိုကိုဒုက္ခပေးတဲ့ပစ္စည်းကလေးက ဘာများပါလိမ့်။ ကဲ..ဖြေကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com




# အငြိ


အပ်နဖါးပေါက်။

မြတ်မင်းထွဋ် စာပေ

www.burmeseclassic.com

www.burmeseclassic.com





သည်တစ်ခါဝှက်မယ့်စကားထာလေးကတော့ လူတွေကို အမြဲတမ်းအသီပေးလှုံ့ဆော်နေတဲ့ ပစ္စည်းကလေးနဲ့ ပတ်သက်ပြီးဝှက်ထားတဲ့ စကားထာပဟေဠိကလေးပါပဲ။

ကိုင်းစကားထာလေးကိုကြည့်လိုက်ကြရအောင်။

**တစ်ဘူတာကို ဝင်လာ**
**ရှေ့ဘူတာဆီ မောင်းနှင်သွား။**
**လောင်စာဆီ ကုန်လို့ပြတ်လျှင်ဖြင့်**
**ဘယ်ဓာတ်ရထား... တဲ့။**


ရထားလို့ ဆိုလိုက်တာနဲ့ တကယ့် ရထားလို့မမှတ်နဲ့ဦး။ စကားထာဆိုတာက တင်စားမှုတွေပါနေတယ်။ ဥပမာ တွေပါနေတယ်။ စဉ်းစားဉာဏ်လေးတွေကွန့်မြူးလို့ အဖြေရှာပေးကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com





# အဖြေ

နာရီလက်တံ၊
(စက္ကန့်တံ)

မြတ်ပန်းရုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com





ခုတစ်ခါဖွက်မယ့် စကားထာလေးကတော့ သဘာဝပေါက်ပင်ကလေးတစ်ပင်ကို ပဟေဠိဖွက်ထားတဲ့ စကားထာလေးပါပဲ။ သူ့ရဲ့အရွက်ဟာ ဈေးထဲမှာ သားငါးတွေထုပ်ဖို့ အသုံးဝင်ပါတယ်။ အရိုင်းဆိုရင် အကြောတွေကိုသင်၊ပြုတ်ပြီးဟင်းခါးချက်သောက်လို့ရပါတယ်။ အယဉ်ဆိုရင်တော့ ဥကိုဟင်းချက်စားလို့ရတယ်ပေါ့။

ကိုင်း..စကားထာလေးကိုကြည့်လိုက်ကြရအောင်......။

**မိုးရေစက်စင် ရေမတင်**
**ရေတင်သော်လည်း အေးဆေးပဲ**
**သူ့မှာလုံးဝ မစိုရှဲ....တဲ့။**

ဒါဆိုရင်... တောအုပ်ကလေးမှာ၊ လမ်းဘေးမှာ၊ ကန်စပ်မှာ ပေါက်လေ့ ပေါက်ထရှိတဲ့ သဘာဝပေါက်ပင်ကလေးရဲ့ အရွက်ကို အဖြေပေးနိုင်ကြပြီလို့ထင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com






# အငြေ

ပိန်းရွက်

မြဝတီနန်းရှုံ့ စာပေ

www.burmeseclassic.com

www.burmeseclassic.com

သည်တစ်ခါ ဝှက်မယ့်စကားထာလေးကတော့ ဒေသန္တရ ဗဟုသုတဘယ်လောက်ရှိသလဲဆိုတာ စမ်းသပ်တဲ့ ပဟေဠိ စကားထာလေးပါ။

ရန်ကုန်တိုင်းအတွင်းမှာရှိတဲ့ မြို့နယ်ကလေးတစ်ခုပေါ့။ အဲသည် မြို့နယ်ကလေးက အမြဲတမ်းလင်းထိန်နေလေတော့၊ ဘာမီးမှ ထွန်းစရာမလိုဘူးဆိုပဲ။ စကားထာလေးကိုကြည့်လိုက်ကြပါဦး။

*မီးထွန်းစရာ မလိုပါ*
*အမြဲလင်းထိန်ကာ၊*
*သည်မြို့နယ်က ဘယ်မှာလဲ*
*ရန်ကုန်တိုင်းမှာပဲ...တဲ့။*

ကိုင်း... ဒီလိုဆိုတော့ ဘယ်မြို့နယ်များဖြစ်လေမလဲ။ အဖြေမှန်လေးကို ပေးကြည့်ကြပါဦး။


www.burmeseclassic.com

www.burmeseclassic.com







# အငြေ

## လသာမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com





ခုဖွက်မယ့်စကားထာလေးကတော့ လူသားအပါအဝင် သတ္တဝါတိုင်း ကြုံတွေ့ကြရမယ့် ကိစ္စဖြစ်ပါတယ်။

တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာကျရင်... သူဟာကိုယ့်ကိုလာခေါ်မှာ အမှန်ပါပဲ။ သူလာခေါ်ရင် မလိုက်ချင်ပါဘူးရယ်လို့ ငြင်းပယ်ခွင့် မရပါဘူး။ မလိုက်ရအောင်လည်း ဉစ္စာစည်းစိမ်၊ ငွေကြေးများစွာနဲ့ လာဘ်ထိုးတဲ့တိုင် သူကတော့ ဂရုစိုက်မှာလည်းမဟုတ်ပါဘူး။ အသက်အရွယ် အဆင့်အတန်း၊ လူတန်းစားမရွေး သူ ခေါ် ချင်တဲ့လူကို ခေါ်မှာပါပဲ။ ကဲကြည့်ပါဦး။

*"သူလာခေါ်က မငြင်းသာ*
*လိုက်ပါသွားရမှာ၊*
*သက်ရွယ်၊ ရာထူး လူတန်းစား*
*သူက မခွဲခြား..." တဲ့။*

ဒါဆိုရင်... "သူ" ဆိုတာ ဘယ်သူများ ဖြစ်မှာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com







# အငြ

သေမင်း။

www.burmeseclassic.com

www.burmeseclassic.com

သည်တစ်ခါဖက်မယ့်စကားထာလေးကတော့ ကျေးငှက်သာရကာ အမျိုးအစားထဲက ငှက်တစ်မျိုးရဲ့ အမည်က ဘာလဲဆိုတာကို ပဟေဠိဖွက်ထားတာပါ၊ တစ်ခုသိချင်စေချင်တာက အဲဒီငှက်က ညဖက် အိပ်တဲ့အခါ မိုးပြိုမှာကြောက် လို့ဆိုပြီး ခြေနှစ်ချောင်းမိုးပေါ်ထောင် အိပ်တက်တာပါပဲ။

ကဲ…စကားထာလေးကို ကြည့်လိုက်ကြပါဦး။

**ညဖက်အိပ်တော့ မိုးပြိုမယောင်**
**ခြေထောက်နှစ်ချောင်းထောင်**
**အသံကျယ်လောင် သူ့ဟာစ်ကြွေး**
**သူ့နာမည်တဲ့…လေး။…တဲ့။**


သည်လောက်ဆိုရင် အဲသည်ငှက်ဟာ ဘာငှက်လဲဆိုတာ အဖြေပေးနိုင်ကြပြီးထင်ပါရဲ့။

ဖြေကြည့်လိုက်ပါဦး။


www.burmeseclassic.com

www.burmeseclassic.com





# အငြ

တစ်တီတူးငှက်။

မြတ်ဝန်ဆုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါဝှက်မယ့် စကားထာလေးကတော့ အိမ်ဆိုင်၊ ဈေးဆိုင်၊ ကုန်ဆိုင်တွေမှာ မသုံးမဖြစ်သုံးရတဲ့ ပစ္စည်းကလေး တစ်ခုနဲ့ ပတ်သက်လို့ဝှက်ထားတဲ့ ပဟေဠိစကားထာလေးပါပဲ။ သူ့ရဲ့ပကတိအနေအထားကို ဖော်ပြလိုက်ရင် အားလုံးပါကုန်မှာ စိုးတဲ့အတွက် စကားထာလေးကိုပဲ ဖော်ပြလိုက်ပါမယ်။ အဲသည် တော့မှ တွေးဆပြီး အဖြေမှန် ဘာဖြစ်နိုင်တယ်ဆိုတာ ပေးကြည့်ကြပေါ့။

စကားထာလေးက။


> *မှန်ကန်တိကျ သေချာလျှင်*
> *သူ့လျှာ လူမမြင်၊*
> *မမှန်ဘူးထင် လျှာထုတ်ပြ*
> *အဲဒါ... ဘာလဲဗျ"တဲ့။*

ကိုင်း ...လျှာထုတ်ပြတယ်ဆိုတဲ့အတွက် ဘာပစ္စည်းဖြစ် မယ်ဆိုတာ အဖြေပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်နော်။

ဖြတ်ထန်းညွှန့် စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# အငြိ

ချိန်ခွင်လျှာ။

ပြတ်ဆန်းသုံ့ ဓာတေ

www.burmeseclassic.com

www.burmeseclassic.com




သည်တစ်ခါဝှက်မယ့်စကားထာလေးကတော့ နယ်မြေဒေသ တစ်ခုကထွက်ရှိပြီး အမျိုးသမီးတွေစွဲမက်နှစ်သက်ခဲ့ဖူးတဲ့ အသုံးအဆောင်လေးတစ်ခုကိုပဟေဠိလုပ်ထားတာဖြစ်ပါတယ်။


သူ့ရဲ့အဓိက ကုန်ကြမ်းကတော့ ဝါးရယ်၊ ပိတ်ရယ်၊ ခြည်စ ရယ် ဖြစ်ပါတယ်။ပြီးတော့ ပိတ်သားပြင်မှာ ရောင်စုံဆေးခြယ် ရေးပြီး ပန်းပွင့်ကလေးတွေနဲ့ သရုပ်ဖော်ထားတာကိုက ကျက် သရေမင်္ဂလာရှိရုံမက မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ် သလိုလည်းဖြစ်နေပါတယ်။ ကိုင်း.... စကားထာလေးကို ကြည့် ကြပါစို့ရဲ့.....။

*ဝါးနဲ့ ပိတ်ကို အခြေတည်*
*ရောင်စုံ ဆေးခြယ်သည်။*
*မြို့အမည်နဲ့ တွဲဖက်ပြီး*
*နာမည်ကျော်တဲ့...ထီး..တဲ့။*

ဒါဆိုရင် အဲသည် နာမည်ကျော်ပါတယ်ဆိုတဲ့ ထီးဟာ ဘယ်ထီးများဖြစ်နေမလဲကွယ်။

www.burmeseclassic.com

www.burmeseclassic.com



# အငြိ

ပုသိမ်ထီး။

မြတ်ပန်းအုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်စကားထာကလေးကတော့ ပတ်ဝန်းကျင်သဘာဝမှာ ဖြစ်လေ့ ဖြစ်တတ်တာအပေါ် မူတည်ပြီး ဝှက်တဲ့စကားထာ လေးပါ။

***နတ်သမီးတံထွေးစက်***
***ကြက်တွေ ဘယ်မယက်။***
***နတ်သမီး တံတွေးပေါက်***
***ကြက်တွေ ဘယ်မကောက်...တဲ့။***

အဲသည်လိုဆိုတော့ နတ်သမီးရဲ့ တံတွေးစက် တံတွေး ပေါက်တွေဆိုတာ ဘယ်ဟာများဖြစ်နိုင်သလဲ။ နေ့သာတဲ့နေ့ တွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ပတ်ဝန်းကျင် သဘာဝဖြစ်စဉ် ကလေးမို့ ဆက်စပ်စဉ်းစားပြီး အဖြေမှန်လေးတွေ ပေးကြည့်ပါ ဦး။



www.burmeseclassic.com

www.burmeseclassic.com




# အငြိ

နေရောင်အစက်အပြောက်။

မြတ်သန်းရှုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com



# အငြ

နာနတ်သီး။

မြတ်ဝန်းဘုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com





သည်တစ်ခါဝှက်မယ့် စကားထာလေးကတော့ အလှူအိမ်တွေမှာ တွေ့ရလေ့တွေ့ထရှိတဲ့ မြင်ကွင်းတွေက ပုံရိပ် တစ်ခု တစ်နည်းအားဖြင့် ပစ္စည်းတစ်ခုကို ပဟေဠိဝှက်ထားတာ ပါ။

အဲသည် ...... စကားထာလေးကတော့

***အသားရောင်မည်းနက်နေ***
***ရွှဲလေတဲ့.... ဗိုက်။***
***အလှူအိမ် ဖိတ်လို့သွားတော့***
***နင်းကန်ကာ အစာစား***
***ဝါးပေါ့ အကြိုက်... တဲ့။***


သူရဲ့ပုံပန်းသဏ္ဍာန်၊ပြီးတော့....စရိုက်လက္ခဏာကိုလည်း ဖော်ပြထားတာမို့ အဖြေအမှန်ကို ရှာပေးနိုင်မယ် ထင်ပါတယ်။ တစ်ခုတော့ရှိလေရဲ့....၊ အဲဒါသက်ရှိမဟုတ်ဘူးနော်သက်မဲ့ ပစ္စည်း... သက်မဲ့ပစ္စည်း။



www.burmeseclassic.com

www.burmeseclassic.com





# အငြေ

မိုးပြဲဒယ်။

မြတ်ဝင်းထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com





သည်တစ်ခါဝှက်မယ့်စကားထာလေးကတော့ မြန်မာ့ရိုးရာစကားပုံတွေအများကြီးရှိတဲ့အထဲက စကားပုံကလေးတစ်ခုကို ပဟေဠိဝှက်ထားတာပါပဲ။ စကားထာထဲမှာကို အရိပ်အမြွက်တွေ ဖော်ပြထားပါတာကြောင့် အဖြေမှန်ပေးနိုင်ဖို့ သိပ်မခဲယဉ်းဘူးလို့ထင်ပါတယ်။

ကိုင်း.... စကားထာလေးကို ကြည့်လိုက်ကြပါဦး။ ။

*တေတေနိုတ်လို့ တိတ်တိတ်နေ*
*ဘေး မကျရောက်ပေ၊*
*တိတ်တိတ်မနေ အော်ဟစ်တော့*
*အသက်ဆုံးပြီပေါ့... "တဲ့။*

ကဲ...အော်ဟစ်လို့ အသက်ဆုံးရတဲ့ သတ္တဝါလေးတွေကို မျက်စိထဲပြေးမြင်ပြီး အဖြေမှန်ပေးကြည့်ပါစို့လား။

www.burmeseclassic.com

www.burmeseclassic.com





# အငြိ

အသံကြောင်ဖားသေ၊



www.burmeseclassic.com

www.burmeseclassic.com





သည်တစ်ခါဝှက်မယ့် စကားထာလေးကလည်း မြန်မာ့ရိုးရာ စကားပုံတွေရှိကြတဲ့အထဲက စကားပုံလေးတစ်ခုကို ရည်ညွှန်းပြီး ပဟေဠိဝှက်ထားတဲ့ စကားထာလေးပဲဖြစ်ပါတယ်။ စကားထာထဲမှာကို အရိပ်အမြွက်တွေဖော်ပြပေးထားတာကြောင့် အဖြေမှန်ပေးနိုင်ဖို့ မခဲယဉ်းဘူးလို့ထင်ပါတယ်။

ကိုင်း… စကားထာလေးကို ကြည့်လိုက်ကြပါဦး။

ခလောက်ဆိုတာ ကျွဲနွားမှာ
ဆွဲရတဲ့ တန်ဆာ၊
တခြားသတ္တဝါ ဆွဲလျှင်မြင့်
ရှုမြင်လို့ မတင့်…တဲ့။

ဟုတ်ပါရဲ့…။ ခလောက်ကို အမြင်မတင့်ရအောင် ဘယ်သတ္တဝါကိုများသွားပြီး ဆွဲပေးထားပါလိမ့်။


ကဲ… အဖြေမှန်လေးကို ပေးကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com





# အဖြေ

အမြင်မတော်၊ ဆင်တော်နှင့် ခလောက်။

www.burmeseclassic.com

www.burmeseclassic.com





သည်တစ်ခါဟော့ ပွဲဈေးတန်းတွေမှာ လက်တွေ့လုပ်ပြီး ရောင်းချလေ့ရှိတဲ့မုန့်တစ်မျိုးကို စကားထာလုပ်ပြီးပဟေဠိဝှက်ချင်ပါတယ်။ ရူပဗေဒသဘောအရ အပူကြောင့် အရာဝတ္ထုတွေဟာ ကျယ်ပြန့်တဲ့သဘောရှိကြောင်း သာဓကပြတဲ့ မုန့်တစ်မျိုးဆိုရင် မမှားပါဘူး။ ဒူ့နာမည်သာကြားရရင် ထိတ်လန့်ချင်ထိတ်လန့်လိမ့်မယ် ထင်ပါရဲ့။

ကဲ ..... စကားထာလေးကို ကြည့်ကြရအောင်...။


*မီးနဲ့ကင်းကွာ အေးဆေးပါ။*
*ကျပ်ပြားဝိုင်း သာသာ၊*
*မီးကင်တဲ့ခါ ဒူ့ပမာဏ*
*စကောချပ်နှယ်ပ... တဲ့။*

ကိုင်း...ဒါဆိုရင် အဲသည့်မုန့်ဟာ ဘယ်လိုမျိုးမုန့်ဖြစ်နိုင်ပါလဲ ဟင်။



www.burmeseclassic.com

www.burmeseclassic.com





# အငြ

မုန့်လေပွေ

www.burmeseclassic.com

www.burmeseclassic.com

သည့်တစ်ခါဝှက်မယ့်စကားထာလေးက... မြန်မာ့ရိုးရာစကားပုံတစ်ခုကိုပဟေဠိဝှက်ထားတာ ဖြစ်ပါတယ်။ စကားထာလေးကို ရှင်းပြနေရင် အဖြေပေါ်သွားမှာမို့ ရှင်းမပြ တော့ပါဘူး။ စကားထာလေးကိုပဲဖတ်ကြည့်ပြီး စဉ်းစဉ်းစားစားနဲ့ အဖြေမှန်မေးကြည့်ကြပါ။


ကိုင်း... စကားထာလေးကိုကြည့်လိုက်ရအောင်။

***သူ ဝင်လာတော့ ကြောက်ဒူးတုန်***
***ခေါင်းကြီး ခေါင်းပြီးခြုံ၊***
***တံခါးစုန်ကျော် သူ ပြေးမှ***
***စိန်ခေါ်နေသပ... တဲ့။***

ဒါလောက်ဆိုရင်. . . ဘယ်သူဝင်လာတာလဲ၊ ဘယ်သူပြန်ပြေးသွားတာလဲ၊ သူဝင်တုန်းက ကြောက်နေပြီး သူပြေးပြီဆိုတော့မှ သတ္တိတွေပြနေတာဆိုတော့ . . . ဘယ်စကားပုံများဖြစ်မှာပါလိမ့်။


www.burmeseclassic.com

www.burmeseclassic.com



# အငြိုး

သူရိုးပြေးမှ ထိုးကွင်းထ၏

[illegible] စာပေ

www.burmeseclassic.com

www.burmeseclassic.com




သည်တစ်ခါဝှက်မယ့်စကားထာလေးကတော့ အရွယ်မရွေး နှစ်သက်စွာစားသုံးနေကြတဲ့၊ နှစ်ခြိုက်စရာလည်းအလွန်မတန်ကောင်းတဲ့သစ်သီးလေးရဲ့အမည်ကိုပဟေဠိဝှက်ထားတဲ့ စကားထာလေးပါ။

တဲ ...စလိုက်ကြရအောင်။


*ပန်းတွေထဲမှာ စားစရာ*
*ဘာပန်းတဲ့လဲ ကွာ*
*သူ့အသီးဟာ ရွှန်းရျိုမြ*
*ပြည့်ဝအာဟာရ... တဲ့။*

ရှင်းပြနေရင်အဖြေပေါ်သွားမှာစိုးလို့ ရှင်းမနေတော့ပါဘူး ကိုင်း... အဖြေမှန်လေးကို မေးကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com




# အငြို

ပန်းသီး

[illegible] စာပေ

www.burmeseclassic.com

www.burmeseclassic.com 



သည်တစ်ခါတော့ ဩကာသလောကထဲမှာရှိနေတဲ့၊ လူတွေနဲ့လည်းရင်းနှီးနေတဲ့အရာကလေးကိုပဟေဠိဝှက်ချင်ပါတယ်။ ရှင်းပြစရာမလိုတဲ့အတွက်စကားထာလေးကိုပဲကြည့်လိုက်ကြပါစို့။


*သူ့ဘဝကို အရင်စ*
*အကွာရာပုံစံ (ပ)။*
*သတ်မှတ်ကာလ မပြည့်မီ*
*(ဗ)နဲ့ တူပါသည်။*
*စံချိန်ပြည့်မီ ကာလကျ*
*(ဝ) လုံးကြီးပေါ့ဗျ။*
*(ပ)၊(ဗ)၊(ဝ) ဟာ ဘာတဲ့တုံး*
*ဖြေကြည့်ကြပါဦး....။*

အကွာရာပုံစံလေးတွေကို မျက်စိထဲမြင်ယောင်ပြီး ဘာများဖြစ်မလဲဆိုတာ အဖြေမှန်ပေးကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com




# အငြိ

ငွေလမင်း။

မြဝတီမဂ္ဂဇင်း စာပေ

www.burmeseclassic.com

www.burmeseclassic.com

သည်တစ်တော့ မြန်မာသင်ပုန်းကြီးထဲမှာပါတဲ့ ဗျည်းအက္ခရာတွေထဲက ဗျည်းအက္ခရာ တစ်လုံးစီ တစ်လုံးစီ (စုစုပေါင်း နှစ်လုံး ပေါ့) ပေါင်းစုပြီး မြန်မာပြည်ထဲမှာရှိတဲ့ မြို့နှစ်မြို့ကို စကားထာ ဝှက်ချင်ပါတယ်။

ကဲ… ကြည့်လိုက်ကြရအောင်။


*သင်ပုန်းကြီးမှာ ဗျည်းအက္ခရာ*
*သုံးဆယ်သုံးလုံးပါ၊*
*အဲသည်မှာမှ ဗျည်းနှစ်လုံးတွဲ*
*ဘယ်မြို့တွေတဲ့လဲ…။*

ကိုင်း . . . သင်ပုန်းကြီးကိုရှေ့ချလို့ တစ်လုံးစီတွဲကြည့်ပေါ့။ ဒေသန္တရ ဗဟုသုတကြွယ်ဝသူအဖို့ သိပ်တော့ ခဲယဉ်းလိမ့်မယ် မထင်ပါဘူး။

အဖြေမှန်ကို ပေးကြည့်ကြပါဦး။


www.burmeseclassic.com

www.burmeseclassic.com




# အငြိ

ဒလမြို့

ကဝမြို့

မြဝတီမနိုင်ရှုံ့ စာပေ

www.burmeseclassic.com

www.burmeseclassic.com




သည်တစ်ခါဝှက်မယ့် စကားထာလေးက မီးဖိုချောင်မှာ အိမ်ရှင်မတွေ အကြိုက် လက်စွဲထား အသုံးပြုရတဲ့ ပစ္စည်းကလေးတစ်ခုပါပဲ။ သူဟာ လူတွေရဲ့ စားရေးသောက်ရေးကို အထောက်အကူပြုနေတဲ့ အကျိုးပြုပစ္စည်းဆိုရင် မမှားပါဘူး။

ကဲ... စကားထာလေးကို ကြည့်လိုက်ကြရအောင်။

*ရဲရဲတောက်လို့ နီစွေးစွေး*<br>
*သတ္တိရှိတဲ့... သွေး။*<br>
*သည်သွေးကျတော့ မနီပါ*<br>
*မည်းနက် မဟုတ်ရာ၊*<br>
*သည်သွေးမှာသာ အကောင်းဆုံး*<br>
*အိမ်ရှင်မ လက်သုံး...တဲ့။*

ဒါဆိုရင်... သွေးတကာ့ အနက် ဘယ်သွေးများဖြစ်နိုင်လေမလဲ၊ အဖြေမှန်လေး ပေးကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com





# အငြေ


မိးသွေး။



www.burmeseclassic.com

www.burmeseclassic.com






သည်တစ်ခါဝှက်မယ့် စကားထာလေးကတော့ အစားအသောက်အသီး အနံ့တွေထဲက သစ်သီးတစ်မျိုးရဲ့အကြောင်းကို ပဟေဠိ ဝှက်ပါတယ်။ အဲဒီသစ်သီး ဟာ အေးမြတဲ့ တောင်ပေါ်ဒေသတွေမှာသာ ရှင်သန်ဖြစ်ထွန်းတယ်ဆိုပဲ။

ကဲ... စကားထာလေးကို ကြည့်ကြပါဦး။

*သစ်သီးကျောင်းဆင်း မဟုတ်ပါ*
*သူ့ဂုဏ် မထည်ဝါ*
*သို့ရာတွင် အတော်ဆုံး*
*ဘာသစ်သီးတဲ့တုံး... တဲ့။*

ကျောင်းမတက်ခဲ့ရပေမဲ့ ကျောင်းတက်ရတဲ့သစ်သီးတွေနဲ့ ယှဉ်ရင် သူက အတော်ဆုံးဆိုတော့ ...။


ကိုင်း ... အဖြေမှန် ပေးနိုင်လောက်ပြီထင်ပါရဲ့။

ငြိမ်းချမ်း

www.burmeseclassic.com

www.burmeseclassic.com





# အဖြေ

သစ်တော်သီး။



www.burmeseclassic.com

www.burmeseclassic.com






သည်တစ်ခါဝှက်မယ့် စကားထာလေးကတော့ အစားအသောက်ကို မှတည်ပြီးပဟေဠိဝှက်ထားတဲ့စကားထာ လေးပါ။

ယိုဆိုတဲ့စားစရာလေးကိုမှတည်ထားတာပါ။

ယိုဆိုရင် လူတော်တော်များများ ကြိုက်နှစ်သက်ကြပါ တယ်။ နာနတ်ယို၊ ရှောက်ယို၊ ဒူးရင်းယို၊ ဖရုံယို၊ ကတွတ်ယို၊ ဆီးယို၊သရက်ယိုအစရှိသဖြင့်အသီးအနှံတွေကနေစားသောက်လို့လည်းကောင်း၊ အာဟာရလည်းပြည့်ဝတဲ့ ယိုတွေအများကြီးရှိတဲ့အနက်ပဟေဠိဝှက်ထားတဲ့ယိုနှစ်ယိုကျတော့..အရသာမချိုသလိုစားလို့လည်းမရပါဘူးတဲ့။

ကဲ့...စကားထာလေးကိုကြည့်လိုက်ကြရအောင်။

***ယိုပေါင်းများစွာရှိသဗျို***<br>
***ရသာထူးကဲချို၊***<br>
***'ယိုနှစ်ယို'ကျ မချိုမြ***<br>
***စားလို့လည်းမရ... တဲ့။***


ကိုင်း.... အဲသည်ယိုနှစ်မျိုးဟာ ဘာတွေများဖြစ်မလဲ။ အဖြေမှန်ကိုပေးကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com






အငြ

ရေဒီယို၊

ဗီဒီယို၊

www.burmeseclassic.com

www.burmeseclassic.com




သည်တစ်ခါဝှက်မယ့်စကားထာလေးကတော့ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းဆိုင်ရာ အင်္ဂါတစ်ခုနဲ့ ပတ်သက်ပြီး ပဟေဠိဝှက် ထားတဲ့စကားထာလေးပါပဲ။

သည်စကားထာလေးကို ရှင်းပြလိုက်ရင် အဖြေကိုတန်း သိသွားမှာမို့ စကားထာလေးကိုပဲ ဖော်ပြပေးလိုက်ပါမယ်။

***အစာမှန်သမျှ သူလက်ခံ***
***လူကိုတော့ ဆလံ***
***သူနံ့ရတာ ခဝါးဝါး***
***ဘယ်အိမ်တဲ့လဲဗျား...တဲ့။***

တစ်ကြောင်းချင်း၊ တစ်ကြောင်းချင်းကို ထုတ်နှုတ်ပြီးတွေး ကြည့်လိုက်ရင် အဖြေမှန်ရဖို့ဆိုတာ မခက်ပါဘူး။

ကဲ..... ဖြေကြည့်လိုက်ပါဦး။

www.burmeseclassic.com





# အဖြေ

အစအိမ်၊

www.burmeseclassic.com

www.burmeseclassic.com





အစုဝှက်မယ့်စကားထာလေးကတော့ အစားအသောက်ဆိုင်ရာ စကားထာလေးပဲဖြစ်ပါတယ်။ ရသာပေါင်း(၆) မျိုးရှိတဲ့အထဲက "အခါး" ဆိုတဲ့ အရသာတစ်ခုအပေါ် ဇောင်းပေးပြီး ဝှက်ထားတဲ့စကားထာလေးပဲပေါ့။

တဲ့... ကြည့်လိုက်ကြပါစို့။

*ကြက်ဟင်းခါးနဲ့ သပွတ်ခါး*
*နာမည်ကြားရုံ....ခါး။*
*'မုတ်ခါး' ဆိုလည်း သည်လိုပင်*
*အခါး ထိပ်ခေါင်တင်။*
*စားလိုကြည့်လျှင် ဘယ်မခါး*
*အဲ့ဒါ ဘာလဲဗျား ....တဲ့။*

သူမှာ အခါးဆိုတဲ့နာမည်ပါပေမဲ့ မသိဘူးဆိုတော့ ဘာများဖြစ်နိုင်မှာပါလိမ့်။ အဖြေမှန်ကို မေးကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com




# အငြေ

မုန့်ဟင်းခါး။

[illegible]

www.burmeseclassic.com

www.burmeseclassic.com






သည်တစ်ခါဖွက်မယ့်စကားထာလေးကတော့ မြို့နာမည်ပါ။

အဲသည်မြို့ကလေးဟာ မြန်မာနိုင်ငံအောက်ပိုင်း မြစ်ဝကျွန်းပေါ်မှာရှိတဲ့ ဧရာဝတီတိုင်းမှာ ရှိတဲ့ မြို့ကလေးပါပဲ။ သည်မြို့ကလေးဟာ အရောင်ရှိပါတယ်။ ဒါကို ဖွက်ထားတဲ့ စကားထာလေးပါ။


ကဲ...ကြည့်လိုက်ကြပါဦး။

*မြစ်ဝကျွန်းပေါ်အရပ်မှာ*
*ရှိတဲ့ မြို့ကလေးပါ။*
*သည်မြို့ကလေးဟာ အရောင်ရှိ*
*အိမ်နဲ့ တွဲနေ၏... တဲ့။*

ကိုင်း...ဘာမြို့ကလဲဆိုတော့ ဖြေကြည့်ကြပါဦး။ စကားထာထဲမှာ ကို ပေးနိုင်မယ့်အဖြေတွေပါနေတယ်နော်။

www.burmeseclassic.com

www.burmeseclassic.com




# အငြိ

အိမ်မဲမျိုး

မြတ်မင်းဂုဏ် စာပေ

www.burmeseclassic.com

www.burmeseclassic.com






သည်တစ်ခါဝှက်မယ့်စကားထာကတော့ အစားအသောက်နဲ့ ပတ်သက်ပြီးဝှက်တဲ့ ပဟေဠိစကားထာလေးပါ။တစ် နည်းအားဖြင့် သွားရည်စာယိုတစ်မျိုးပဲပေါ့။ လယ်ကွင်းတွေမှာ ရေသွင်းရေထုတ်လုပ်ရတဲ့နေရာကလေးကို သဲလွန်စအဖြစ်ပေးထားပါတယ်။ အဲသည် အဝမှာ ဗျိုင်းတွေဆိုရင် ငါးကောက်ဖို့ရာ စောင့်နေ တက်ကြလေရဲ့။

ကဲ.... စကားထာလေးကိုကြည့်လိုက်ကြရအောင်။

**အရသာက ချိုတိုတို**
**စားသောက်စရာ....ယို၊**
**လယ်ကွင်းတစ်ခို ရေတွေစီး**
**အဲဒါ ဘာယိုနည်း...တဲ့။**

ကိုင်း .... စားသောက်လို့ ကောင်းတဲ့ ယိုတစ်မျိုးဟာ ဘယ်လိုယိုမျိုးလဲဆိုတာ အဖြေမှန်ပေးကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com



# အငြိ

ကတွတ်ယို။

www.burmeseclassic.com

www.burmeseclassic.com





သည်တစ်ခါဝှက်မယ့် စကားထာလေးကတော့ မိုးတွင်းကာလမှာ ထွက်ပေါ်လာတဲ့ အပင်တစ်မျိုးက အရွက်ကို ပဟေဠိဝှက်ထားတာပါပဲ။ အဲသည် အရွက်က ဟင်းချက်စားလို့လည်းရတယ်၊ တို့စရာလုပ်လို့လည်းရတယ်၊ (သတိထားရမှာကတော့ အဲသည်အရွက်က အရက်သေစာနဲ့ မတည့်ဘူးဆိုတာပါပဲ။)

ကိုင်း...စကားထာလေးကိုကြည့်လိုက်ကြရအောင်၊

*မိုးတွင်းကာလ ထွက်ပေါ်လာ*
*စိမ်းလန်း ဝေဝေဆာ၊*
*တွေးခေါ်သိမှာ လွန်ထက်မြက်*
*တို့စရာ အရွက်..... တဲ့။*

စဉ်းစဉ်းစားစား တွေးတွေးဆဆနဲ့ အဖြေမှန်ပေါ်အောင် ပေးကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com






# အငြိ

ညက်ရွက်၊

မြတ်ဝန်းတိုင် စာစဉ်

www.burmeseclassic.com

www.burmeseclassic.com




သည်တစ်ခါ ဝှက်မယ့် စကားထာလေးကတော့ မိုးတွင်းကာလမှာ ယောကျာ်းတွေအတွက် မသုံးမဖြစ်သုံးရတဲ့ အသုံးအဆောင်တစ်ခုပါပဲ။အဲသည် နာမည်ကို ပြောလိုက်ရင် ရုတ်တရက်လန့်လောက်စရာပါ။ ကလေးတွေဘာတွေလဲမမွေးဖွားနိုင်ပါဘူး။ အဲသည် အသုံးအဆောင်လေးကို ပဟေဠိ ဝှက်ထားတာပါ။

ကဲ…ကြည့်လိုက်ကြပါဦး

*ကြောက်မယ်ဖွယ်ရာ သဏ္ဍာဝါ*
*ကလေး မမွေးပါ၊*
*မိုးရောက်တဲ့အခါ လူတွေသုံး*
*ဘာပစ္စည်းတဲ့တုံး… တဲ့။*

မိုးတွင်းကာလမှာ သုံးစွဲရတဲ့ အသုံးအဆောင်လေး ဆိုတော့ ။ဒါဆိုရင် အဖြေမှန်ပေးနိုင်လောက်ပြီး ထင်ပါရဲ့!

www.burmeseclassic.com

www.burmeseclassic.com





# အငြို

ကျားဆောင်းထီး။

မြတ်မင်းနိုင် စာပေ

www.burmeseclassic.com

www.burmeseclassic.com




သည်တစ်ခါဝှက်မယ့်စကားထာလေးကတော့ အသီးတစ်မျိုးကို တင်စားခေါ်ဝေါ်တဲ့ အခေပါဝှက်ထားတဲ့ ပဟေဋ္ဌိလေးပါပဲ။ အဲသည်အသီးဟာ အပင်တိုင်း လိုလိုမှာ ရှိတတ်ပါတယ်။

ကဲ....ပဟေဋ္ဌိလေးကို ကြည့်လိုက်ကြရအောင်

***ဘယ်သူမှာ မတွေ့ရဲ့***
***သိပ်ဖြူးအရှက်ကဲ၊***
***ရှက်လွန်းလို့လည်း ကွယ်ဝှက်ပုန်း***
***ဘာအသီးတဲ့တုံး....တဲ့။***

ရှက်လွန်းလို့၊ ဘယ်သူနဲ့မှာ မတွေ့ရဲလို့ ကွယ်ဝှက်ပုန်းအောင်းပါတယ် ဆိုတဲ့အသီးက ဘယ်အသီးများပါလိမ့်။

အဖြေမှန်ကို ပေးကြည့်ကြပါဦး။

www.burmeseclassic.com

www.burmeseclassic.com



# အငြိ

ရွှက်ပုန်းသီး။

မြတ်ဝန်းဘွဲ့ စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါဝှက်မယ့် စကားထာလေးကတော့ သင်္ချာဘာသာရပ်မှာ အကွာအဝေးအတိုင်းအတာနဲ့ ပတ်သက်ပြီး အခေါ်အဝေါ်အသုံးအနှုန်းလေးကို ပဟေဠိဝှက် ထားတာပါပဲ။ "ဆယ်နှစ်လက္ခ... တစ်ပေ" ဆိုတဲ့ လင်္ကာလေးကို ရထားရင် အဖြေကောင်းကောင်း ပေးနိုင်ပါလိမ့်မယ်။ ကဲ...ကြည့်လိုက်ကြပါဦး။

*သင်္ချာဘာသာရပ် သင်္ချာပါ*
*ကွာဝေး အတိုင်းအတာ၊*
*အမည်သညာ မှည့်ခေါ်ထား*
*ဖြတ်မရပါလား...တဲ့*

အတိုင်းအတာမှာ အသုံးပြုရတဲ့ အဝေါဟာရပြီးတော့ ဖြတ်မရဘူးဆိုတော့ ဘယ်လိုမျိုးအခေါ်အဝေါ်ဖြစ်မှာပါလိမ့်။ စဉ်းစားဖြေကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com






# အငြိ

သံကြိုး

မြဝတီနိုဝင် ၁၉၉၀

www.burmeseclassic.com

www.burmeseclassic.com 



သည်တစ်ခါဝှက်မယ့် စကားထာလေးကတော့ ဆေးဆရာတွေ သမားတော်တွေနဲ့ ပတ်သက်တဲ့ အသုံးအနှုန်း ဝေါဟာရတစ်ခုကို ဝှက်ထားတဲ့ ပဟေဠိလေးပါ။ လူမှာ အစိတ်အပိုင်းတွေရှိပါတယ်။ ရှိတဲ့အနက်ခန္ဓာကိုယ်လုံးက မရွေ့ဘဲ အစိတ်အပိုင်းကလေးတစ်ခုသာရွေ့ပြီး၊ အဲသလိုရွေ့တဲ့အတွက်ကြောင့် အစကြေးငွေရတယ်ဆိုပဲ။ စကားထာလေးကို ကြည့်လိုက်ကြရအောင်။

*ခန္ဓာကိုယ်လုံး မရွေ့ပါ*
*ရွေ့တော့ ခြေထောက်သာ၊*
*သူရွေ့တဲ့ခါ ငွေကြေးရ*
*အဲဒါ... ဘာလဲဗျ... တဲ့။*

အဖြေမှန်ပေးနိုင်ဖို့ရာ စဉ်းစားကြည့်ပါဦး။ သိပ်ခက်ခက်ခဲခဲကြီးတော့မဟုတ်ပါဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com




# အငြိ

ရေကြွခ၊

www.burmeseclassic.com

www.burmeseclassic.com






သည်တစ်ခါဝှက်မယ့် စကားထာလေးကတော့ အိမ်ရှင်မတွေအတွက် မီးဖိုချောင်သုံးပစ္စည်းလေးတစ်ခုကို ပဟေဠိဝှက်ထား တာဖြစ်ပါတယ်။

မီးဖိုချောင်နဲ့ ပတ်သက်တယ်ဆိုပေမဲ့... တကယ်တော့ စားစရာတစ်မျိုးပါ။ သူ့ကို ဟင်းချက်ပြီး (အမွှေးအကြိုင်နဲ့ မန်ကျည်းနှစ်ကလေးထည့်လို့) ချက်စားမယ်ဆိုရင် တကယ်စားကောင်းပါသတဲ့။ ဒါကို ပဟေဠိဝှက်ထားတာ။ ကြည့်.....

*မီးဖိုချောင်သုံး ပစ္စည်းပါ*
*သို့သော်စားစရာ၊*
*ဟင်းချက်လို့သာ မြိန်မြိန်စား*
*အဲဒါ...ဘယ်လိုငါး... တဲ့။*

ကိုင်း .... စားစရာဆိုတော့လည်း အစားကောင်းကြိုက်သူတွေအဖို့ အဖြေမှန်ကို ပေးနိုင်လောက်ပြီထင်ပါရဲ့...။

www.burmeseclassic.com

www.burmeseclassic.com





# အငြို

ငါးလင်ပန်း။

www.burmeseclassic.com

www.burmeseclassic.com




သည်တစ်ခါ ဝှက်မယ့်စကားထာလေး ကတော့ ရေနေသတ္တဝါတွေထဲ အမျိုးအမည် အများများ၊ အစားစား ရှိနေကြတဲ့ထဲက တစ်ခုသော ငါးတစ်မျိုးရဲ့အမည်ကို ပဟေဠိ ဝှက်ထားတာပါပဲ။ ပဟေဠိထဲမှာကို အဖြေမှန်ဖော်ထုတ်ပေးနိုင်မယ့်သဲလွန်စတွေ၊ စကားပုံတွေညှပ်ထားပါတယ်။ ကြည့်လိုက်ပါဦး...။

*ငါးအပေါင်းမှာ စံချိန်တင်*
*ကိုယ်စံ ပညာရှင်၊*
*သူ... 'များ' လာလျှင် ဘယ်မကောင်း*
*ဟင်းတွေ ဟုန်တတ်ကြောင်း...'' တဲ့။*

ဒါလောက်ဆိုရင် ဆင်ခြင်တွေး တောမိတာနဲ့ အဖြေမှန်ကို ပေးနိုင်လိမ့်မယ်ထင်ပါတယ်။


ဖြေကြည့်ကြပါဦး......

မြတ်ပန်းရုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com





ငါးသိုင်း။

www.burmeseclassic.com

www.burmeseclassic.com




အခုတစ်ခါဝှက်မယ့် ပဟေဠိစကားထာလေးကတော့ လူမှုအသိုင်းအဝိုင်းမှာ နေထိုင်မှုဆိုင်ရာနဲ့ ပတ်သက်တဲ့ စကားထာလေးပဲဖြစ်ပါတယ်။ လူတိုင်းလူတိုင်း ကျင့်လည်ရာဘဝတစ်ခုမှာ အဓိကလိုအပ်ချက်က ဘာများဖြစ်ပါသလဲ။ အဲဒါကို မြန်မာအက္ခရာ "တ" လေးလုံးနဲ့ ဖော်ပြထားတဲ့ ဝေါဟာရဖြစ်ပါတယ်။ ပဟေဠိကို ကြည့်လိုက်ကြပါဦး...

ဘဝတစ်ခုမှာ လိုအပ်တာ
လူတန်းစေ့ဖို့ပါ၊
'တ- အက္ခရာ' လေးလုံးတွဲ
ဘယ်လို ရေးမလဲ...? တဲ့။

ကိုင်း... "တ...လေးလုံး" ချရေးပြီး ဘယ်လိုများအသုံးတွက်ရင် ကောင်းအောင် ဝေါဟာရမှန်အောင်ရေးကြည့်ကြပါဦး အဖြေမှန်ပေးကြည့်ကြပါဦး။

www.burmeseclassic.com





# အငြိ

တင့်တောင်းတင့်တယ်

မြစ်ဝန်းကျင် ဂျာနယ်

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါဂုက်မယ်စကားထာလေးကတော့ သစ်ရွက်နဲ့ ဆိုင်တဲ့ ပဟေဠိကလေးပါပဲ။ မြန်မာနိုင်ငံသားတွေဟာ "သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး။ သစ်ပင်ကို နှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစိုး" လို့တောင်ဆိုကြပါရဲ့။ အမှတ်တကယ်လည်း သစ်ပင်ဟာ ချစ်ခင်စရာကောင်းပါတယ်။ "ဥတုရာသီတောကိုမှီ" ဆိုတဲ့အတိုင်း ရာသီဥတု ကောင်းမွန်မှုဟာ သစ်ပင်နဲ့ သက်ဆိုင်ပါတယ်။ ကဲ... စကားထာလေးကို ကြည့်လိုက်ကြရအောင်။

*ဝင်ခြေရင်းမှာ ကြွေကျရှာ*
*သစ်ပင်တစ်ရွက်ပါ၊*
*သည်တစ်ရွက်မှာ သေချာကြည့်*
*ဂဏန်းတစ်လုံးရှိ...တဲ့။*

ကြွေကျတဲ့သစ်ရွက်တစ်ရွက်မှာ ဂဏန်းတစ်လုံးရှိတယ် ဆိုတော့ အဲသည် သစ်ရွက်ဟာ ဘာသစ်ရွက်...

www.burmeseclassic.com





# အငြိ

ရွက်ခြောက်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com





သည်တစ်ခါဝှက်မယ့် စကားထာလေးကတော့ အပင်နဲ့ ပတ်သက်တဲ့ စကားထာလေးပဲ ဖြစ်ပါတယ်။ မြန်မာ့ရေ၊ မြန်မာ့မြေမှာ အပင်တွေအများကြီးရှိကြတဲ့အနက် အခုပဟေဠိ ဝှက်မယ့် အပင်ကလေးကတော့ နည်းနည်းထူးပါတယ်။ ဘယ်သူတွေက ဘယ်လို နည်းဗျူဟာတွေသုံးပြီး ခွဲခွာကြပေမဲ့ အဲဒီအပင်ကတော့ ဘယ်တော့မှ ကွဲကွဲကွာကွာ မရှိပါဘူးတဲ့၊ အဲသည်အပင်ကလေးနဲ့ ပတ်သက်ပြီး စကားထာလေးကို ကြည့်ကြပါဦး။

ဘယ်သူခွဲခွာ မကွဲကွာ
တူယှဉ် တွဲလျက်သာ
သည်အပင်ဟာ ဘာတဲ့လဲ
စကားနှစ်လုံးထဲ....တဲ့။

ဝေါဟာရ စကားလုံးနှစ်လုံးထဲဆိုတော့ အဲသည် အပင်က ဘယ်လိုအပင်မျိုးဖြစ်မှာပါလိမ့်၊ ကိုင်း..... ဖြေကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com





# ဘငြိ

ဝေါင်းဝင်း

www.burmeseclassic.com

www.burmeseclassic.com






သည်တစ်ခါဝှက်မယ့် စကားထာလေးကတော့ ပေါက်ကွဲမှုဆိုင်ရာ ဖောက်ခွဲရေးပစ္စည်းလေးတစ်ခုကို စကားထာဝှက်ထားတာဖြစ်ပါတယ်။ သည်ကာတည်းက သက်ရှိမဟုတ်တာသေချာပါတယ်။ ဒါပေမဲ့ အမည်ပေးတာကတော့ ကြောက်စရာ နာမည်နဲ့ သက်ရှိအသွင် ပေးထားပါတယ်။ ဒါကို ပဟေဠိဝှက်ထားတာပါ။ ကိုင်း ..... စကားထာလေးကိုကြည့်လိုက်ကြပါဦး။

*နာမည်လေးက သုံးလုံးပါ*
*သို့သော် ကြောက်စရာ*
*အသက်နှော သူမရှိ*
*ဖောက်လျှင် ပေါက်ကွဲ၏...တဲ့။*

ကြောက်စရာ အင်မတန်ကောင်းတဲ့၊ အန္တရာယ်ကြီးလှတဲ့ ပစ္စည်း၊ စကားလုံးကလည်း သုံးလုံးထဲဆိုတော့ ဘယ်လိုပစ္စည်းဖြစ်မှာပါလိမ့်။ ဖြေကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com





# ဒေငြ

ယမ်းဘီလူး။



www.burmeseclassic.com

www.burmeseclassic.com





သည့်တစ်ခါဖွက်မယ့် စကားထာလေးကတော့ အပြောအဆို အသုံးအနှုန်းနဲ့ ပတ်သက်ပါတယ်။ လူတစ်ယောက်နဲ့ စရိုက် လက္ခဏာ၊ အမူအကျင့်ကို မူတည်ပြီး ပြောဆို သုံးနှုန်းတဲ့ ဝေါဟာရတစ်ခုပေါ့။ အဲသည်လိုပဟေဠိဖွက်ရမှာလည်း ဖြေဆိုရအခက်အခဲမရှိအောင် သဲလွန်စကလေးတွေကို ထည့်သွင်းပေးထားပါတယ်။

**'တိမ်'နဲ့ 'တောင်' ရှေ့ စကားဆောင်**
**စရိုက် အူကြောင်ကြောင်။**
**သွပ်ချောင်ချောင်နဲ့ နှုံးသဗျား**
**မည်သို့သော လူစား...တဲ့။**

ကိုင်း... ဘယ်လိုလူစားဖြစ်မှာပါလိမ့်။
အဖြေမှန်လေးကို ပေးကြည့်စမ်းပါဦး။

www.burmeseclassic.com

www.burmeseclassic.com






# အငြ

နဝေတိမ်တောင်။

[illegible] စာပေ

www.burmeseclassic.com

www.burmeseclassic.com






သည်တစ်ခါ ဝှက်မယ့် စကားထာလေးက လူ့အသုံး အဆောင် ပစ္စည်းကလေးတစ်ခုကို ပဟေဠိဝှက်ထားတာပါ။ သန့်ရှင်းရေးတာဝန်ကို ကူထောက်ပေးတဲ့ပစ္စည်းကလေးပဲပေါ့။ သူက သူ့ကိုယ်သူ ခြောက်ခြောက်သွေ့သွေ့လေး နေချင်ပေမဲ့ သူထမ်းဆောင်ရတဲ့တာဝန်ကြောင့်ပဲ စိုစိုသွားရပါသတဲ့။ စကားထာလေးကိုကြည့်လိုက်ကြရအောင်။

*လူသားတိုင်းရဲ့ အသုံးဆောင်*
*သန့်ရှင်း လုပ်သားမောင်၊*
*ခြောက်အောင်လုပ်ရင်း စိုစိုသွား*
*အဲဒါ...ဘာလဲဗျာ...တဲ့။*

ခြောက်သွေ့တာတွေ၊ စိုတာတွေပါလာပြီဆိုတော့ အဖြေမှန်ကို ပေးနိုင်ပြီထင်ပါတယ်နော်၊ ဖြေကြည့်ကြပါဦး။

www.burmeseclassic.com

www.burmeseclassic.com





# အငြိ

ကိုယ်သုတ်ပဝါ။

မျက်နှာသုတ်ပဝါ။

လက်သုတ်ပဝါ။

မြတ်ဟန်ဆွဲ ဓာတေ

www.burmeseclassic.com

www.burmeseclassic.com






သည့်တစ်ခါ ဖုက်မယ့် စကားထားလေးက ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ရပ်ကို ပဟေဠိဖုက်ထားတဲ့ စကားထာလေးပါ။ သက်မဲ့အရာဝတ္ထုဖြစ်ပြီး ထားရာမှာပဲ နေပါသတဲ့၊ ခြေထောက်ရှိပါရဲ့နဲ့ လမ်းမလျှောက်ပါဘူး။ ခြေထောက်တွေကို တွက်စစ်ကြည့်တော့ နှစ်ချောင်းမကာဘူး၊ လေးချောင်းတောင်မှ ဆိုပဲ....။

*လမ်းမလျှောက်ဘဲ ဖျင်းကြောရှေ (ရှည်)*
*ထားတဲ့နေရာနေ၊*
*သူ့ခြေထောက်တွေ ရေတွက်ကြည့်*
*လေးချောင်းရှိပါ၏...တဲ့။*

ခြေထောက်လေးချောင်းရှိတယ်ဆိုတော့ ဘာများဖြစ်မှာပါလိမ့်။ ကိုင်း...ဖြေကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com




**အငြေ**


ခုတင်၊

စားပွဲခုံ၊

ကုလားထိုင်၊

www.burmeseclassic.com

www.burmeseclassic.com




သည့်တစ်ခါဝှက်မယ့်စကားထာလေးကတော့ လူ့ခန္ဓာကိုယ်မှာရှိတဲ့ အင်္ဂါအစိတ်အပိုင်း တစ်ရပ်ကို ပဟေဠိဝှက်ထားတဲ့ စကားထာလေးပါ။ အဲသည် အင်္ဂါအစိတ်အပိုင်းလေးဟာ သေးငယ်လင့်ကစား အရေးအကြီးဆုံးတာဝန်တွေကို ထမ်းဆောင်နေရတာပါ။ သူဟာ တစ်နေ့လုံး အလုပ်လုပ်ရပြီး ညကျမှသာ အနားယူခွင့်ရတာပါ။ ကိုင်း... စကားထာလေးကို ကြည့်လိုက်ပါဦး။

*အင်္ဂလိပ်အက္ခရာ သုံးလုံးပါ*
*နှစ်လုံးက တူတာ၊*
*လူတိုင်းမှာ... တစ်စုံရှိ*
*ဘာလဲ...? ဖြေပါဘီ...တဲ့။*

အဖြေဟာ အင်္ဂလိပ်အက္ခရာ သုံးလုံးဖြစ်ပြီး အဲသည်ထဲမှာ နှစ်လုံးက တူနေပါသတဲ့။ အဖြေမှန်လေး ကြည့်ကြပါစို့။

www.burmeseclassic.com

www.burmeseclassic.com




# အဖြေ

## EYE

မျက်လုံး

[illegible] စာပေ

www.burmeseclassic.com

www.burmeseclassic.com





ခုတစ်ခါ ဝှက်မယ့်စကားထာလေး ကတော့ ပညာရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းလေးပဲဖြစ်ပါတယ်။ အဲသည် ပစ္စည်းလေးမှာ "ပုန်း" ဆိုတဲ့စကားလုံးလေးပါနေတယ်။ သည်တော့မမြင်ကွယ်ရာမှာများ ပုန်းလျှိုးနေသလားလို့ ဆန်းစစ်ကြည့်ပြန်တော့...ဘယ်နှယ်...အကွယ်အဝှက်မရှိဘဲ တကယ့်ကို ပြောင်ပြောင်ထင်းထင်းကို နေပါသတဲ့။ သူက ပညာရေးကို အထောက်အကူပေးတယ်တဲ့။ ဒါကို ဝှက်ထားတဲ့ စကားထာလေးကတော့

*'ပုန်း' သည်ဆိုလည်း မျက်ကွယ်ရာ*
*ကွယ်ဝှက်မနေပါ။*
*ပညာရေးမှာ ကူထောက်ပေး*
*အဲဒါ... ဘာတဲ့လေး...တဲ့။*


အားလုံးဟာ ပညာရေးနဲ့ မကင်းကြသူတွေမို့ အဖြေမှန်ပေးနိုင်မယ်ဆိုတာ သေချာပါတယ်။ ကဲ.... ဖြေကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com





# အငြို

ကျောက်သင်ပုန်း။

မြတ်ပန်းကုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com






သည်တစ်ခါဝှက်မယ့် စကားထာလေးကတော့ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းမှာ အင်မတန်မှ အရေးပါတဲ့နေရာက တာဝန် ထမ်းဆောင်နေရတဲ့ အစိတ်အပိုင်းကလေးတစ်ခုပါ။ သူဟာ မွေးကတည်းက တရစပ် အလုပ်လုပ်နေရပါတယ်။ သူများတွေ သူ့အကန့်နဲ့သူ နားခွင့်ရပေမဲ့ သူ့ခမျာမှာတော့နားခွင့်မရရှာပါဘူး။ အဲ…သူနဲ့ဖြစ်တည်လာတဲ့လူ့ခန္ဓာကြီးချုပ်ငြိမ်းပါမှပဲ နားခွင့်ရပါတော့တယ်။ အဲဒီလိုပဲ ပဟေဠိဖွက်ထားတာပါ။

***မွေးကတည်းက မနား***
***တရစပ် လှုပ်ရှား။***
***သူများတွေကို ညဘက်ခါ***
***နားခွင့်မရရှာ၊***
***ခန္ဓာချုပ်မှာ နားခွင့်ရ***
***အဲဒါ…ဘာလဲဗျ…တဲ့။***

အမြဲလှုပ်လှုပ်နေရရှာတဲ့ အစိတ်အပိုင်းကလေးဟာ ဘာများဖြစ်မှာတဲ့လဲ။ ဖြေကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com






# အငြဲ

နလုံး။

မြတ်ဝန်းထုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com




သည်တစ်ခါ ဝှက်မယ့် စကားထာပဟေဠိလေးကတော့ ပန်းနဲ့ ပတ်သက်ပြီး ဝှက်ထားတဲ့ စကားထာ ပဟေဠိလေးပါပဲ။

အဲသည်ပန်းဟာ နွေကာလ နေအပူတွေ ဘယ်လောက် ပြင်းထန်ပြင်းထန် ရဲမာန်တွေတင်းလို့ အပင်ထက်မှာ ပင်လုံး ကျွတ် အောင်ပွင့်လေ့ရှိပါတယ်။ ဒါပေမယ့် မိုးလရောက်တဲ့အခါ မိုးတွေစွေပြီဆိုရင်ဖြင့် ပင်ခြေရင်းမှာ ဖွေးနေအောင် ကြွေတော့ တာပါပဲ။ အဲဒါကို ဝှက်ထားတဲ့ စကားထာလေးပါ။

နေပူတော့ ပင်လုံးဝေ
မိုးစွေတော့ ကြွေကာကျ။
သူ့နာမည် စိန်စီလွှမ်း
ဘာပန်းလဲဗျ....တဲ့။

စကားထာထဲမှာကို အဖြေကရှိပြီးသား။ ကဲ... အဖြေနံ ကလေး ပေးကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com



# ဘငြ

စိန်ပန်း။

ပြတ်ပန်းသုံ့ စာပေ

www.burmeseclassic.com

www.burmeseclassic.com




သည်တစ်ခါဝှက်မယ့် စကားထာလေးကတော့ စက်မှုကုန်ကြမ်း ပစ္စည်းတစ်မျိုးကို ပဟေဠိဝှက်ထားတာပါ။ အဲသည်ကုန်ကြမ်းနဲ့ မော်တော်ကား တာယာတွေလုပ်နိုင်တယ်။ အဲသည်ပစ္စည်းကုန်ကြမ်းက အပင်တွေက ရရှိတာပါ။ မြန်မာနိုင်ငံမှာ အဲသည်အပင်တွေအများကြီး။ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတွေမှာ သိပ်ဖြစ်ထွန်းပါတယ်။


ကဲ စကားထာလေးကို ကြည့်လိုက်ကြအောင်။

***ခြေနှစ်ချောင်းနဲ့ အမောက်ထောင်***
***အဲသည်ကောင်ရဲ့ ပေါင်၊***
***အဲသည်ပေါင်က အစေးရ***
***ဘာလို့ခေါ်လဲဗျ... တဲ့.***

ရှင်းလည်း ရှင်းပြီးပြီ၊ စကားထာထဲမှာလည်း နိမိတ်ပြစကားတွေလည်းပါနေပြီဆိုတော့ အဖြေမှန်ကို ဖေနိုင်ကြမှာပါ။

www.burmeseclassic.com





# အငြ

ကြက်ပေါင်စေး

မြတ်ဝန်းထုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com






သည်တစ်ခါ... စကားထာလေးကတော့ လူတွေသာမက ဩကာသလောကမှာရှိကြတဲ့ သတ္တဝါမှန်သမျှနဲ့ မလွဲမသွေ ပတ်သက်ပြီး ဖွက်ထားတဲ့ ပဟေဠိလေးပါပဲ။ လောကမှာ ဖြစ်လာပြီဆိုတာနဲ့ ပျက်ရတော့မှာ... မမှတာ မဟုတ်ပါသလား။ လူတိုင်း လူတိုင်း.... သတ္တဝါတိုင်း သတ္တဝါတိုင်း ဟာ တခြားအရာတွေကိုသာ ရှောင်လွှဲလို့ရချင်ရမယ်၊ ဒါကိုတော့ရှောင်လွှဲလို့မရနိုင်ပါဘူး။ ကဲ.... စကားထာလေးကို ကြည့်ကြရအောင်။

***မသွားဘဲနဲ့... နီးနီးလာ***
***အဲဒါ... ဘယ်ဘူတာ၊***
***သူ့ဆီအဆိုက်မှာ ဘဝဆုံး***
***ဘာလဲ ဖြေပါဦး... တဲ့။***

တဖြည်းဖြည်းနီးလာတဲ့၊ မဖြစ်မနေ ဆိုက်ကို ဆိုက်ရမယ့် ဘူတာဆိုတော့ ဘာများဖြစ်မှာပါလိမ့်၊ တရားသဘောတော့ နည်းနည်းသက်ဝင်တာပဲပေါ့။

ကိုင်း..... ဖြေကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com




# အငြဲ

သုသာန်၊ သချိုင်း။



www.burmeseclassic.com

www.burmeseclassic.com





သည့်ကာစ်ပေါ်ဂျော်ဂျ်မယ့် စကားထာလေးကတော့ လူတွေရဲ့ အသုံးအဆောင်ပစ္စည်းလေးတစ်ခုကို ပဟေဠိဖွက်ထားတာပါ ပဲ။ သည့်ပစ္စည်းလေးဟာ အိမ်တိုင်းလိုလို မှာတောင်ရှိတတ် ကြတဲ့ပစ္စည်းလေးပါ။

ဒါဖြင့်ရင်... အဲသည့်ပစ္စည်းလေးကို ပဟေဠိဖွက်ထားတဲ့ စကားထာလေးကိုကြည့်လိုက်ကြရအောင်။


***ဘယ်လောက်ပဲ ပူလောင်***
***ယောင်လို့တောင် မဖြုန်ပေ့။***
***မနေနိုင် သူ့အနံ့ထုတ်တော့***
***မွှတ်သောက်ဖွယ် ရနံ့ကောင်း***
***ထောင်းထောင်းအငွေ့...တဲ့။***

အပူဒဏ်ကို ယောင်လို့တောင်မှ မဖြုန်တဲ့ ပစ္စည်းကိုတော့ ဘာများဖြစ်မှာပါလိမ့်။ စဉ်းစားပြီး ဖြေကြည့်ကြပါဦး။


www.burmeseclassic.com

www.burmeseclassic.com





# အဖြေ

ရေနွေးဓာတ်ဘူး။

မြတ်ဝန်းဆုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com




သည်တစ်ခါဝှက်မယ့်စကားထာလေးကတော့ လူနေအိမ်တွေ၊ အလုပ်ရုံ၊ စက်ရုံတွေမှာ မသုံးမဖြစ်အသုံးပြုကြရတဲ့ အသုံးအဆောင်ပစ္စည်းလေးတစ်ခုကို ပဟေဠိဝှက်ထားတာပါပဲ။ စကားထာပဟေဠိကလေးကို ကြည့်လိုက်ကြရအောင်။

*'မီး' ဆိုပေမဲ့ မပူပါ*
*အလင်းဓာတ်က ဖြာ၊*
*အဲသည်ချောင်းမှာ ရေမစီး*
*ဘာပစ္စည်းတဲ့နည်း...တဲ့။*


စကားထာထဲမှာကိုက အဖြေပေးနိုင်မယ့် စကားလုံး တွေလေးတွေပါနေတယ်။ သည်တော့ . . . အဖြေမှန်ပေးနိုင်ဖို့ မခက်ဘူးလို့ ထင်ပါတယ်။ ကဲ ... အဖြေမှန်ကို ပေးကြည့်လိုက်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com





**အငြဲ**

မီးချောင်း။

မြတ်ဝန်းကျုံ ဓာသေ

www.burmeseclassic.com

www.burmeseclassic.com 



အခုတစ်ခါမေးမယ့် စကားထာလေးကတော့ စာသင်သား ကလေးသူငယ်တွေရဲ့ အသုံးအဆောင်ပစ္စည်းလေးတစ်ခု ကို ပဟေဠိဖွက်ထားတဲ့ စကားထာလေးပါ။ ကဲ... စကားထာ လေးကိုကြည့်လိုက်ပါဦး။

သျှုဂူထဲဝင် လှည့်ပတ်ရာ
အရေခွံတို့ လိပ်ထွက်ရှာ၊
အသားလျှာမှ အရိုးနက်
ငေါ်ပြူးပေါ်လို့ထွက်... တဲ့။


စကားထာလေးမှာ မြှုပ်ထားတာလေးတွေပါပါတယ်။ အဲသည် မြှုပ်ထားတာလေးတွေကို ဖော်နိုင်ရင်တော့ အဖြေ[illegible] ရမှာပါ။

ကိုင်း.... ဖြေကြည့်လိုက်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com




# အငြဲ

ခဲတံချွန်စက်။

ပြည်ဝန်းအုပ် စာပေ

www.burmeseclassic.com

www.burmeseclassic.com




အခုတစ်ခါဝှက်မယ့် စကားထာလေးကတော့ ကျေးလက်တောရွာဘယ်ကွင်းပြင်တွေမှာ ကျင်လည်ကျက်စားလေ့ရှိတဲ့ သတ္တဝါတစ်မျိုးကို ပဟေဠိဝှက်ထားတာပါပဲ။ အဲသည်သတ္တဝါဟာလူတွေကို အကျိုးပြုတဲ့ သတ္တဝါလေးဆိုရင်လည်း မမှားပါဘူး။ ကဲ...ကြည့်လိုက်ကြရအောင်။


*လည်တံက အလွန်ရှေ(ရှည်)*
*ခြေတံက မြင့်မြင့်မား။*
*တစ်ကိုယ်လုံး ထုံးတွေလူးလို့*
*ရေပေါက်မှာ ရှွင်ပျော်မြူးတယ်*
*ထူးလှချည်လား...တဲ့။*

ကိုင်း...ထူးခြားလှတဲ့ သတ္တဝါဟာ ဘယ်လိုသတ္တဝါဖြစ်မလဲဆိုတာကို ဖြေကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com




# အငြူ

ဗျိုင်း။

မြတ်သနိုးဘုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါဝှက်မယ့် စကားထာလေးကလည်းပဲ အသုံးအဆောင်ပစ္စည်းလေးတစ်ခုကို ပဟေဠိဝှက်ထားတဲ့ စကားထာလေးပဲဖြစ်ပါတယ်။ သူ့မှာ အသွားနှစ်ဖက်ရှိပြီး အသွားချင်းက မျက်နှာချင်းဆိုင်နေကြသတဲ့။ လက်ကိုင်ကလည်း နှစ်ဖက်ရှိတယ်ဆိုပဲ။

အဲသည်အသွားနှစ်ဖက်ကြားကို အရဲကိုးပြီး ဇွတ်တိုးဝင်လိုက်မယ်ဆိုရင် ကိုယ်ကျိုးနည်းသွားမယ့်သဘောရှိတာမို့... အဲသည် အသုံးအဆောင်ကလေးဟာ ဘာများဖြစ်လိမ့်မယ်ဆိုတာ ပဟေဠိဝှက်ထားတာပါ။

*အသွားချင်း မျက်နှာဆိုင်*
*လက်ကိုင်က နှစ်ဖက်။*
*အသွားကြား အရဲကိုးလို့*
*ဇွတ်တိုးလျှင် ရာစဝင်ရိုင်းမယ်*
*ထက်ပိုင်းပြတ်ထွက်...တဲ့။*

ကဲ...ဘာပစ္စည်းလဲဆိုတာ ဖြေကြည့်ကြပါဦး။

ဖြတ်ဆင်းတူပုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com





# အငြ

ကတ်ကြေး။

မြတ်မင်းဘုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com



အခုတစ်ခါဝှက်မယ့် စကားထာလေးကတော့ မြန်မာပြည်တစ်လွှား ကျေးလက်ဒေသတွေမှာ မိုးတွင်းအခါကာလသမယ တွေ့မြင်ရတတ်တဲ့ အဆောက်အအုံကလေးတစ်ခုကို ပဟေဠိ ဝှက်ထားတာပါ။ စကားထာထဲမှာကို အဖြေမှန် ပေးနိုင်ဖို့ရာမြင်ကွင်းကလေးတွေကို ဖော်ကျူးထားပါတယ်။


*မိုးရေတက်ရေ အဖွေးသား*
*မျိုးပင် ရှင်သန်ထွား။*
*ကွင်းကျယ်တစ်လွှား ရေပြင်လွှာ*
*မားမားမတ်မတ်ပါ။*
*လယ်ယာခွင်ကို စောင့်ကာကြည့်*
*ဘာလဲ... ဖြေပါဘိ...တဲ့။*

လယ်ယာလုပ်ငန်းခွင်ကို အထောက်အကူပြုတဲ့ အဆောက်အအုံလေးဟာ ဘာများဖြစ်မလဲဆိုတာကို ဖြေကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com



# အငြိ

## လယ်စောင့်တဲ

မြတ်ဝန်းထွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com





သည်တစ်ခါဝှက်မယ့် စကားထာလေးက ရေရှိတဲ့ကန်တွေအိုင်တွေမှာ တွေ့ရလေ့ရှိတဲ့ သဘာဝပန်းပွင့်တစ်မျိုးကို ပဟေဠိဝှက်ထားတာပါ။ သူဟာ ကန်တွေ အိုင်တွေမှာသာမက နွံတွေဗွက်အိုင်တွေမှာလည်း ပေါက်ရောက်တတ်ပါသတဲ့။ ကဲ… စကားထာပဟေဠိကလေးကို ကြည့်လိုက်ကြပါဦး။

*ဗွက်နွံတွင်းမှ ပေါ်ထွက်လာ*
*ပုပ်ဟောင် မနံပါ၊*
*အလှဖြာလို့ ဖန့်ဖန့်ဝင်း*
*ရနံ့ တသင်းသင်း…တဲ့။*


ကိုင်း…ဒါဆိုရင်ဘယ်လိုပန်းပွင့်ကလေးများ ဖြစ်မှာတဲ့ လဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com





# အငြ

ကြာပွင့်၊



www.burmeseclassic.com

www.burmeseclassic.com






သည်တစ်ခါဝှက်မယ့် စကားထာပဟေဠိလေးကတော့ မြန်မာ့ရိုးရာ အစားအသောက်ကလေးတစ်ခုပါပဲ။ သူဟာ ဝါးလုံးထဲမှာရှိနေသတဲ့။ ဘယ်လောက်တောင်မှ အိပ်မောကျသလဲ မသိဘူး။ ဆင်အော်လို့တောင်မှ မနိုးဘူးဆိုပဲ။ အဲ... သည် ဝါးကို ခွဲချလိုက်ရင် အတောင့်လိုက်ထွက်လာပါသ ာ့ တဲ့။ ကဲ .. ကြည့်လိုက်ပါဦး။

***ဆင်အော်လို့တောင်   မနိုးချင်***<br>
***ဝါးလုံးခေါင်းထဲဝင်၊***<br>
***ဓားနှင့်ခွဲလျှင်   ပြန်ထွက်မြဲ***<br>
***အတောင့်လိုက်ပါပဲ...   တဲ့။***


စကားထာထဲမှာကိုက  သဲလွန်စလေးတွေပါနေတာမို့ အဖြေမှန်ကို ပေးနိုင်လိမ့်မယ်ထင်ပါတယ်နော်။



www.burmeseclassic.com

www.burmeseclassic.com





# အငြိ

ကောက်ညှင်းကျည်တောက်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com






ခုတစ်ခါ ဂုက်မယ့်စကားထာလေးကတော့ သန့်ရှင်းရေး ကိစ္စဆောင်ရွက်ရာမှာ အသုံးပြုလေ့ရှိတဲ့ အသုံးအဆောင် ပစ္စည်းလေးတစ်ခုပါ။ ဘယ်လိုရှုပ်ပွနေပါစေ သူ့ကိုအသုံးပြုရင် ရှင်းလင်းသပ်ရပ်သွားပါလိမ့်မယ်။ ဒါဆိုရင် အဲဒါဘာဖြစ် လဲ။ အဲ...တံမြက်စည်းတော့ မဟုတ်ဘူးနော်။

*ရှုပ်ပွနေတာ သပ်ရပ်စွာ*
*သူရှင်းလင်းတတ်ရှာ၊*
*သူ့ရဲ့နာမည် ဖော်ဆောင်ထုတ်*
*'တံမြက်စည်း' မဟုတ်... တဲ့။*

တံမြက်စည်းမဟုတ်ရင် ဘာဖြစ်နိုင်မလဲဆိုတာ အဖြေမှန် လေးမေးကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com





# အငြဲ

ဘိး။

မြဝတီနှုတ်ရုံ ဘာသာ

www.burmeseclassic.com

www.burmeseclassic.com 




ခုတစ်ခါဖုက်မယ့်စကားထာလေးကတော့ လူတွေရဲ့ အသုံးအဆောင် ပစ္စည်းတစ်ခုနဲ့ဆိုင်ပါတယ်။ လူတွေဟာ ကိုယ့်ရဲ့အဖိုးတန်ပစ္စည်းတွေကို လုံခြုံအောင်သိမ်းဆည်းချင် တာပဲဖြစ်ဖြစ်၊ နေအိမ်၊ တိုက်ခန်း၊ ခြံဝင်း၊ ဂိုထောင် စသဖြင့် အဆောက်အအုံတွေ လုံခြုံရလေအောင် အဲသည်အသုံး အဆောင်လေးကိုအသုံးပြုရပါတယ်။ စကားထာလေးကိုကြည့် လိုက်ကြရအောင်။


*သူ့အချောင်းနဲ့ အပေါက်တွင်း*
*အသာ ကိုးကာသွင်း။*
*သာသာဖြည်းညင်း ထိုးလှည့်ရာ*
*ကျွီခနဲ မြည်ရှာ၊*
*လျှောင်ပိတ်ထားတာ အကုန်ပွင့်*
*ဘာအချောင်းနဲ့ဖွင့်.....! တဲ့။*

ကဲ...အဲသည်အသုံးအဆောင်ကလေးကို အဖြေပေးကြည့် လိုက်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com



# အငြိ

သော့ချောင်း၊ သော့တံ။

[illegible]

www.burmeseclassic.com

www.burmeseclassic.com




ခုတစ်ခါဝှက်ချင်တဲ့ စကားထာပဟေဠိ ကလေးကတော့ ဘုရားတင်တဲ့၊ နတ်တင်တဲ့၊ ဖအောင်ပွဲရ တပ်မတော်သားတွေကိုကြိုဆိုဆက်ကမ်းတဲ့ ပန်းတစ်မျိုးကို ဝှက်ထားတာပါ။ ပွင့်ချပ်လည်းမပါ၊ ပွင့်ဖတ်လည်းမရှိ၊ ရနံ့လည်းမသင်းတဲ့ပန်းကို ဝှက်ထားတာကတော့

*ပွင့်ချပ်လည်း မပါ*
*ပွင့်ဖတ်လွှာ သူ့မှာမရှိ။*
*ရနံ့ရယ် ထုံကြိုင်မလျှမ်းပေမဲ့*
*မြရွက်လွှာ စိမ်းစိုလန်း*
*ပန်းလို့ ခေါ်၏.....တဲ့။*

ဒါဆိုရင် အဲသည်ပန်းက ဘာပန်းများဖြစ်နိုင်ပါ့မဂလဲ၊ အဖြေမှန်လေးကိုစဉ်းစားလို့ မေးကြည့်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com



# အငြို

သမြေပန်း၊

မြဝတီမဂ္ဂဇင်း ၁၉၈၀

www.burmeseclassic.com




သည်တစ်ခါဝှက်မယ့် စကားထာကတော့ လူ့အသုံးအဆောင်ပစ္စည်းလေးတစ်ခုကို ပဟေဠိဝှက်ထားတာပါ။ အိတ်…အကြောင်းကလေးပါပဲ။ အိတ်ဆိုရင် ပစ္စည်းပစ္စယတွေထည့်ရတာမဟုတ်လား။ ဒါပေမဲ့…. ဟောဒီပဟေဠိဝှက်ထားတဲ့ အိတ်ကျတော့ ပစ္စည်းပစ္စယထည့်တဲ့အိတ်မဟုတ်ပါဘူးဆိုပဲ။ ကဲ…ကြည့်လိုက်ပါဦး။

*အိတ်ဆိုသော်လည်း ထွေတလာ*
*ဘာပစ္စည်းမှ မထည့်သာ၊*
*ဒါဖြင့်ရင်ကွာ ဘယ်လိုအိတ်*
*ဖြစ်စမ်း… တိုးတိုးတိတ်…တဲ့။*

ကိုင်း…. အိတ်တကာ အနက်က ဘာအိတ်ဖြစ်မယ်ဆိုတာ ဖြေကြည့်ကြပါဦး။

www.burmeseclassic.com

www.burmeseclassic.com



# အငြိ

ခြေအိတ်၊

လက်အိတ်၊

လေအိတ်၊

မြတ်ဆင်ဘုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com




သည်တစ်ခါဝှက်မယ့်စကားထာလေးကတော့ အားကစားနည်းပညာတစ်ရပ်နဲ့ ပတ်သက်ပြီး ဝှက်ထားတဲ့စကားထာလေးပါ။ ဘားကို အင်္ဂလိပ်ဝေါဟာရ (BAR)လို့ သုံးနှုန်းထားပါတယ်။ ဒါပေမယ့် BAR ဆိုတိုင်း အရက်ဆိုင် သူ့ရာနဲ့ မပတ်သက်ပါဘူး။ ကိုင်း... စကားထာလေးကို ကြည့်လိုက်ကြရအောင်။


*BAR(ဘား) ခေါ်တွင်မည်*
*အရက်ဆိုင် မဟုတ်ပြီ၊*
*ကြွနိုင်စွမ်းရည် အကျိုးဖြစ်*
*အားကစားတစ်ရပ်... တဲ့။*

ကဲ... အဲသည်ဘားဟာ ဘယ်ဘားဖြစ်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



# အငြို


ကျွမ်းဘား။

မြတ်မင်းဘုန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com





သည်တစ်ခါဝှက်မယ့် စကားထာလေးကတော့ ကလေးသူငယ်တိုင်း ကြောက်ရွံ့ကြတဲ့ ပစ္စည်းလေးတစ်ခုပါ။ စာသင်ကျောင်းတွေမှာလည်း ရှိတတ်တဲ့ ပစ္စည်းတစ်ခုပဲပေါ့။ "လုံး" ဆိုတဲ့ စကားဝေါဟာရပါပေမဲ့ တကယ်တော့ မလုံးပါဘူး။ ကဲ ... စကားထာလေးကိုကြည့်လိုက်ကြရအောင်။

*လုံးသည်ဆိုလည်း အုံညြဖွယ်*
*ရှည်ရှည် ခပ်သွယ်သွယ်၊*
*သည်ပစ္စည်းရွယ် မြှိမ်းခြောက်*
*ကလေးအားလုံး ကြောက်.... တဲ့။*

ကလေးငယ်တွေ ကြောက်ကြတဲ့ပစ္စည်းဆိုတော့ ဘာပစ္စည်းများဖြစ်မှာပါလိမ့်။ စဉ်းစားဖြေဆိုကြည့်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com






# အငြ

ကြိမ်လုံး။



www.burmeseclassic.com

www.burmeseclassic.com





သည်တစ်ခါဝှက်မယ့် စကားထာလေးကတော့ "နတ်" ဆိုတဲ့ စာလုံးပါတဲ့ အန္တရာယ်ပစ္စည်းကလေးတစ်မျိုးပါပဲ။ နတ်ဆိုရင် လူတော်တော်များများက ကိုးကွယ်ရာလို့ သတ်မှတ်ခံယူထားတတ်ကြတယ်။ သည်နတ်ကတော့ အဲဒါနဲ့ဆန့်ကျင်ဘက်ပါပဲ။ ကဲ…စကားထာလေးကို ကြည့်ကြရအောင်။

***နတ်ဆိုတိုင်းလည်း ကိုးကွယ်ရာ***
***အမှန်မဟုတ်ပါ၊***
***သေတွင်းပို့မှာ မုန်မလွဲ***
***အဲဒါ ဘာနတ်လဲ… တဲ့။***

သေတွင်းကိုတောင် ပို့ဆောင်နိုင်တဲ့ နတ်ဆိုတော့ — အဲဒီနတ်ဟာ ဘယ်လိုမျိုးနတ်ဖြစ်မှာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com






# အငြိ

သေနတ်၊

မြဝတီနှစ်ချုပ် ၁၉၈၀

www.burmeseclassic.com

www.burmeseclassic.com






ခုတစ်ခါဝှက်မယ့် စကားထာလေးကတော့ ကုန်းမြေတစ်ခုရဲ့ အမည်နာမပဲဖြစ်ပါတယ်။ သည်ကုန်းမြေဟာ လူနေရပ်ကွက်မှာမဟုတ်ဘဲ သီးခြားတည်ရှိနေတာပါတဲ့။ အဲသည်ကုန်းမြေမှာ နေထိုင်ကြသူတွေကတော့ အသက်မဲ့တွေဆိုပဲ။

ကဲ ... စကားထာလေးကို ဖော်ကြည့်လိုက်ပါဦး။


*လူ့ရပ်ရွာနဲ့ ဝေးခွာခွာ*
*သီးခြား တည်ရှိတာ၊*
*သည်ကုန်းမြေမှာ နေထိုင်ကြ*
*အသက်မဲ့တွေပ....တဲ့။*

ဒါဆိုရင် အဲသည်ကုန်းဟာ ဘာကုန်းဖြစ်မလဲ ...။

www.burmeseclassic.com

www.burmeseclassic.com





# အငြေ

သချိုင်းကုန်း။

[illegible]စာပေ

www.burmeseclassic.com

www.burmeseclassic.com





ခုတစ်ခါဝှက်မယ့် စကားထာ ပဟေဠိ ကလေးကတော့ လူ့အာရုံတွင်း သန့်ရှင်းရေးအတွက် အထောက်အကူပြုတဲ့ အသုံးအဆောင်ပစ္စည်းလေးတစ်ခုကို ဝှက်ထားတာပါ။ စကားထာလေးကို ဖတ်ကြည့်လိုက်ပါဦး။

**အမျှင်တို့ ညည်ဝေချွဲ**
**ဆေးစုတ်တံ မဟုတ်။**
**အမျှင်ပေါ် ဆေးကိုတင်လို့**
**ခံတွင်းလျှောင် အနံ့ကင်းအောင်**
**သန့်ရှင်းရေးလုပ်......တဲ့။**

ဒါဆိုရင်အဲသည်ပစ္စည်းကလေးဟာ ဘာဖြစ်မလဲဆိုတာကို အဖြေပေးကြည့်ပါစို့လား။

www.burmeseclassic.com

www.burmeseclassic.com





အဖြေ

သွားပွတ်တံ။



www.burmeseclassic.com

www.burmeseclassic.com




သည်တစ်ခါဝှက်မယ့်စကားထာပဟေဠိကလေးကတော့ အရသာအလွန်ထူးကဲတဲ့သစ်သီးတစ်မျိုးပါပဲ။ သည်အသီးဟာ ရှန်းစိုပြီး အရသာဟာ ချိုမြတယ်။ ဝိတာမင်ဓာတ်လည်း ပြည့်ဝတယ်။ ကိုင်း... ဘာသစ်သီးလဲလို့ စကားထာဝှက်ထားတာကို ကြည့်လိုက်ကြပါဦး။


*အသီးထဲမှာ သူ့တံခွန်*
*အထူးချွန်ဆုံးဆိုပဲ။*
*အရသာ ထိပ်ခေါင်ဝ*
*ချိုမြလို့ကဲ... တဲ့။*

ကဲ... သည်သစ်သီးဟာ ဘာသစ်သီးများဖြစ်နိုင်မလဲဆိုတာ အဖြေပေးကြည့်ကြပါဦး။

မြတ်ကန်ချွံ့ တာသာ

www.burmeseclassic.com

www.burmeseclassic.com



# အငြ

သစ်တော်သီး။

ဖြတ်ခန်းသုံး စာစေ

www.burmeseclassic.com

www.burmeseclassic.com




သည်တစ်ခါဝှက်မဲ့ စကားထာလေးကတော့ လူသားတွေ ရှိတဲ့တိုင်း ပြည်တိုင်းက အဖွဲ့အစည်းတစ်ရပ်ရဲ့ အသုံးပြုနေရမြဲ ဖြစ်တဲ့ ပစ္စည်းကလေးတစ်ခုပါပဲ။ အဲသည်ပစ္စည်းကလေး ဟာ လူတွေ၊ သတ္တဝါတွေရဲ့ ခန္ဓာကိုယ်ကို ဖြတ်ခြေပစ်နိုင်စွမ်းရှိပါ တယ်။ ကဲ... စကားထာလေးကို ကြည့်လိုက်ကြရအောင်။

*'ဆန်'မှ တော့ ...'ဆန်'။*<br>
*စပါးနဲ့ မပတ်သက်*<br>
*မာကြောစက်ထန်။*<br>
*တိုက်ပွဲမှာ ပလူမျှ*<br>
*အဲသည်ဆန် ဘာဆန်လဲ။*<br>
*သတ္တဝါ ခန္ဓာရုပ်ကို*<br>
*ဖြတ်ခြေတက်မြဲ.....တဲ့။*

ကိုင်း.... အဖြေမှန်လေးကို မေးကြည့်ကြပါဦး။

www.burmeseclassic.com

www.burmeseclassic.com



# အငြိ

ကျည်ဆန်၊

မြစမ်းသန်ကျွန်း စာပေ

www.burmeseclassic.com

www.burmeseclassic.com





ခုတစ်ခါဝှက်မယ့်စကားထာ ပဟေဠိ ကလေးကတော့ ကျေးငှက်သတ္တဝါတစ်မျိုးရဲ့ အမည်နာမပါပဲ။ သူ့ရဲ့နာမည် အစဟာ "ကြက်" ဆိုတဲ့စာလုံးနဲ့ စသတဲ့။ နှုတ်သီးအာခေါင်က နီနီ၊ တစ်ကိုယ်လုံးကစိမ်းစိမ်း၊ ရှောက်သီးကို သိပ်ပြီးကြိုက်တယ် ဆိုတော့....

ကိုင်း... စကားထာလေးကိုကြည့်လိုက်ပါဦး။


*သူ့အမည်ရဲ့ ပထမ*
*'ကြက်' နဲ့ စ သဗျ။*
*သူ့အာခေါင်က ခပ်နီနီ*
*ကိုယ်လုံး စိမ်းနေသည်။*
*သူကြိုက်သည်က ရှောက်သီး*
*ဘာကောင် ခေါ်သနည်း.....တဲ့။*

ကိုင်း.... သတ္တဝါလေးရဲ့အဖြေမှန်ကို ပေးကြည့်ပါရစေဗျား။



www.burmeseclassic.com

www.burmeseclassic.com



ကြက်တူရွေး။

မြတ်မင်းလှိုင် စာပေ

www.burmeseclassic.com

www.burmeseclassic.com





သည်တစ်ခါဝှက်မယ့် စကားထာပဟေဠိကလေးက တော့ မြန်မာ့အစာ အာဟာရအသီးအနှံတစ်မျိုးကို ဝှက်ထားတာပါပဲ။ အဲသည်အသီးဟာ ချဉ်ပတ် ထည့်လို့ပဲဖြစ်ဖြစ်၊ မီးဖုတ်လို့ပဲဖြစ်ဖြစ် တို့မြုပ်စားနိုင်ရုံမက ကြော်စားလို့လည်းရပါတယ်။ အရသာကတော့ ခါးသနော်။ ဒါပေမဲ့ ဆေးဘက်ဝင်ပါတယ်။


ကြွက်ခုတ်တက်တဲ့ သဏ္ဌာဝါ
ရှုပ သူ့ရဲ့လျှာ၊
သူ့အရသာ ခါးသက်လည်း
ဆေးဘက်ဝင်သတည်း ... တဲ့။

ကိုင်း... ဒါဆိုရင် အဲသည်အသီးဟာ ဘာအသီးများဖြစ်နိုင်သလဲ။


www.burmeseclassic.com

www.burmeseclassic.com





# အငြ

ကြောင်လျှာသီး။



www.burmeseclassic.com

www.burmeseclassic.com





အခုတစ်ခါ ဝှက်မယ့်စကားထာလေးကတော့ ဂီတအနုပညာကို တပ်မက်ကြသူတွေ ဖြေဆိုနိုင်မယ့် ပဟေဠိ စကားထာလေးပါပဲ။

သူ့ရဲ့အမည်မှာ (လင်) ဆိုတာ ပါပေမဲ့၊ တကယ်တော့ သူဟာ ဇနီးမယားမရှိတဲ့ လင်ပါ။ သူ့အဖို့ကတော့ ဂီတတေးသီချင်းတွေသာ မွေ့လျော်စရာ ပါ။ ဒါဆိုရင် စကားထာလေးကို ကြည့်လိုက်ပါဦး။

(လင်) ဆိုပေမယ်မှဲ့ သူ့ခမျာ
မယား....မရှိပါ၊
တစ်ကိုယ်တည်းသာ နေထိုင်၍
ဂီတနဲ့ ပျော်မွေ့... တဲ့။

ဂီတနဲ့ပျော်မွေ့တဲ့ လင်ဆိုရင်.... ဘယ်လင်ဖြစ်ချင်မှာလဲ။

ဖြတ်ပန်းချပ် စာပေ

www.burmeseclassic.com

www.burmeseclassic.com





# အငြော

## မယ်ဒလင်တူရိယာ။



www.burmeseclassic.com

www.burmeseclassic.com






သည်တစ်ခါဝှက်မယ့် စကားထာလေးကတော့ လူတိုင်း သတိပြုဖွယ်ရာ စကားလုံးနှစ်လုံးပါ။ အဲသည်လို စကားလုံး နှစ်လုံးတည်း ရှိတဲ့အရာကို အသုံးပြုမိမယ်၊ စားသောက်မိခဲ့မယ် ဆိုရင် အသက်ဘေးအန္တရာယ်နဲ့ ကြုံတွေ့ရတတ်ပါသတဲ့။ ကဲ— စကားထာလေးကို ဖတ်ကြည့်ကြပါဦး။

သတိပြုဖွယ် ကြောက်စရာ
စာလုံးနှစ်လုံးပါ။
အဲသည်ဟာကို စားသုံးမိ
အသက်အန္တရာယ်ရှိ....တဲ့။

ကိုင်း.... ဒါဖြင့် ရင် အသက်အန္တရာယ်ပေးနိုင်တဲ့—စာလုံးနှစ် လုံးသာရှိတဲ့ အရာဟာ ဘာများဖြစ်နိုင်မတဲ့လဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com






အငြ

အဆိပ်။

www.burmeseclassic.com

www.burmeseclassic.com






သည်တစ်ခါဝှက်မယ့်စကားထာလေးကတော့ "ခြံ" နဲ့ ပတ်သက်ပြီးဝှက်ထားတဲ့ပဟေဠိကလေးပါ။

လူတစ်ယောက်မှာ ခြံနှစ်ခြံ ပိုင်ဆိုင်တယ်ဆိုပဲ။ ထူးဆန်းတာက အဲသည်ခြံနှစ်ခြံစလုံးဟာ အတိုင်းအတာအား ဖြင့် အလျားဘယ်လောက်၊ အနံဘယ်လောက်ရယ်လို့ မရှိတာပါပဲ။ ကဲ.....စကားထာလေးကိုကြည့်လိုက်ကြရအောင်။

*လူတစ်ယောက်မှာ ပိုင်ဆိုင်တာ*
*ခြံက နှစ်ခြံပါ၊*
*အဲသည်ခြံမှာ အနံအလျား*
*ဘာမျှ မရှိပါလား.... တဲ့။*

သည်တော့ကာ အဲသည်ခြံဟာ ဘာခြံဖြစ်မယ်ဆိုတာကို အဖြေပေးကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com





အငြိ

ပေါင်ခြီး

မြဝတီမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com




သည့်တစ်ခါဝှက်မယ့် စကားထာလေးကတော့ ရေမြေအလိုက် အရောင်ပြောင်းလဲတတ်တဲ့ သတ္တဝါကလေးတစ်ကောင်ကို ပဟေဠိ ထားတာပါပဲ။ သူဟာ သစ်ပင်တွေမှာ တွယ်ကပ်နေတတ်တယ်။ ခေါင်းမခါတတ်ဘူးတဲ့...။

ကဲ ...စကားထာလေးကို ဖတ်ကြည့်လိုက်ပါဦး။


*နာမည် အဆုံးမှာ 'ညို'... လို့ပါ*
*အရောင်ပြောင်းတတ်တာ၊*
*ခေါင်းမခါဘဲ ညိတ်နေလေ့*
*ဘယ်အကောင်လဲဟေ့ ... တဲ့။*

သည့်လောက်ဆိုရင် ကလေးတို့နဲ့ ရင်းနှီး နေလေ့ရှိတဲ့ သတ္တဝါလေးမို့ အဖြေကို အလွယ်တကူ ပေးနိုင်လောက်ပြီထင်ပါရဲ့...။

www.burmeseclassic.com

www.burmeseclassic.com





# အပြေ

ပုတ်သင်ညို၊

မြတ်ပန်းအလှ စာပေ

www.burmeseclassic.com

www.burmeseclassic.com





သည်တစ်ခါ ဝှက်မယ့် စကားထာလေးကတော့ လယ်ယာခွင်နဲ့ ပတ်သက်နေပါတယ်။ အဓိကစကားလုံးကတော့.. "လှိုင်း" ပါပဲ။

လှိုင်းဆိုရင် ကန်၊ ချောင်း၊ မြစ်ပြင်၊ ပင်လယ်တို့ကို ပြေးမြင်တတ်ကြလိမ့်မယ်ထင်ပါတယ်။ ဒါပေမဲ့ အခု ပဟေဠိ ဝှက် ထားတာကတော့ ရေပါတဲ့လှိုင်းမဟုတ်ပါဘူး။ ပိုပြီးရှင်းသွားရလေအောင် စကားထာလေးကို ဖတ်ကြည့်လိုက်ပါဦး။

***'လှိုင်း' ဆိုပေမဲ့ ရေဗလာ***
***ဘယ်လိုကြီးလဲကွာ၊***
***အဲသည် လှိုင်းဟာ လယ်မြေက***
***ဆင်းသက်ပေါက်ဖွားရ... တဲ့။***

သည်တော့ ဘယ်လို လှိုင်းဆဲဆိုတာ အဖြေပေးကြည့်လိုက်ပါဦး။

www.burmeseclassic.com






# အငြဲ

ကောက်လှိုင်း။

မြတ်ပန်းသုံ့ ဓာသ

www.burmeseclassic.com

www.burmeseclassic.com






သည်တစ်ခါဝှက်မယ့် စကားထာပဟေဠိလေးကတော့ အစား အသောက်နှင့် ပတ်သက်တဲ့ ပဟေဠိကလေးပါပဲ။ စားလုံးက သုံးလုံး ပဲရှိပါတယ်။ အလယ်စာလုံးမှာ (ကိတ်) ဆိုတာပါနေတယ်။ ကိတ်ဆိုလို့ကိတ်မုန့်လို့ထင်ရင် မှားသွားမယ်။ ကဲ…စကားထာကိုကြည့်လိုက်ကြဦး။

*စာလုံးသုံးလုံး· အလယ်မှာ*
*(ကိတ်) စာလုံးရှိပါ၊*
*မုန့်ဆိုတာတော့ မမှတ်နဲ့*
*ပဲတစ်မျိုးပါကွဲ့.....တဲ့။*

မုန့်မဟုတ်တဲ့ ပဲတစ်မျိုးဆိုတော့ ဘယ်ပဲအမျိုးအစားဖြစ်နိုင်မှာလဲကွယ်။ ဖြေကြည့်ကြပါဦး။

ဖြတ်သန်းချိုး စာပေ

www.burmeseclassic.com

www.burmeseclassic.com




အငြိ

ဗိုလ်ကိတ်ပဲ။

မြတ်ပန်းချီ ဓာတေ

www.burmeseclassic.com

www.burmeseclassic.com






သည်တစ်ခါ ဝှက်မယ့် စကားထာလေးကတော့ ကလေးတွေ၊ လူငယ်၊ လူရွယ်တွေ ဆော့ကစားလေ့ရှိတဲ့ ပစ္စည်းတစ်မျိုးပါ။ အဲသည်မှာ (အိုး) ဆိုတဲ့စာလုံးကို သဲလွန်စ ဖော်ကြူးထားပြီး ပဟေဠိ ဝှက်ထားပါတယ်။ စကားထာလေးကို ဖတ်ကြည့်ရင် ရှင်သွားပါလိမ့်မယ်ထင်ပါတယ်။

*(အိုး) ဆိုပေမဲ့ ထည့်စရာ*
*မဟုတ်ရပေါင်ဗျာ၊*
*အဲသည်(အိုး) သာ မီးနဲ့တွေ့*
*ပေါက်ကွဲတက်ပါပေ့...တဲ့။*

မီးနဲ့တွေ့ရင် ပေါက်ကွဲတတ်တယ်ဆိုတော့ ဘယ်လိုအိုးများ ဖြစ်နိုင်မတဲ့လဲနော်။



www.burmeseclassic.com

www.burmeseclassic.com





# အငြိ


ပြောက်အိုး။



www.burmeseclassic.com

www.burmeseclassic.com





သည့်တစ်ခါဝှက်မယ့် စကားထာလေးက (ဝါး) နဲ့ ပတ်သက်တဲ့စကားထာလေးပါ။ လူတွေဟာ အဲသည် "ဝါး" ကိုမနှစ်သက်ကြပါဘူး။ မခုံစည်းလိုကြပါဘူး။ထိတ်လန့် ကြောက်ရွံ့တတ်ကြတယ်ဆိုပဲ။

ကဲ... ဘယ်လို "ဝါး" ဖြစ်မလဲဆိုတာ... စကားထာလေးကို ဖတ်ကြည့်ရင်းအဖြေမှန်ပေးကြပါဦး။

*(ဝါး) တွေထဲမှာ သည်(ဝါး)ဟာ*
*ကြောက်မက်ဖွယ်ရာပါ၊*
*ဆိုးလိုက်တာမှ ဝက်ဝက်ကွဲ*
*ဘယ်လို (ဝါး)မျိုးလဲ... တဲ့။*

ဆိုးတယ်ဆိုရင် ကောင်းသလား၊ မကောင်းဘူးလား။
ဒါလောက်ဆိုရင် အဖြေမှန် ပေးနိုင်လောက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com





# အခြေ

မကောင်းဆိုးဝါး။



www.burmeseclassic.com

www.burmeseclassic.com




သည်တစ်ခါဝှက်မယ့် စကားထာလေးကတော့ လူ့လောကီနယ်ပယ်အတွင်းမှာ နိစ္စဓူဝလို တွေ့မြင်နေရတဲ့ (မယ်) နဲ့ ပတ်သက်ပြီး ပဟေဠိဝှက်ထားတာဖြစ်ပါတယ်။ သူဟာ မယ်ပြိုင်ပွဲတွေ ဝင်မပြိုင်ပေမဲ့ (မယ်) ဆိုတဲ့ဘွဲ့ကို ရတဲ့အပြင် လူတွေက သူ့အပေါ်ရိုသေညွတ်တွားကြပါသတဲ့။ ကဲ... စကားထာလေးကို ကြည့်လိုက်ကြပါဦး။

**မယ်ပြိုင်ပွဲကို မဝင်ပါ**
**သို့သော်....'မယ်' တဲ့ဗျာ၊**
**အဲသည်မယ်ဆို လူတွေက**
**ရိုသေညွှတ်တွားကြ.... တဲ့။**

လူတွေကရိုသေညွှတ်တွားရတယ်ဆိုတော့ ဘယ်မယ်များ ဖြစ်လေမလဲ။



www.burmeseclassic.com

www.burmeseclassic.com



# အငြ

မယ်သီလာ

မြတ်ဝန်းသူ့ စာပေ

www.burmeseclassic.com

www.burmeseclassic.com





သည်တစ်ခါ ဝှက်မယ့် စကားထာလေးကတော့ နာမည် သုံးလုံးနဲ့ ငှက်တစ်မျိုးရဲ့ အမည်ဖြစ်ပါတယ်။ အလယ်စလုံးမှာ (ယုန်) ဆိုတာပါပေမဲ့ သူဟာ မြေပြင်မှာ ကျင်လည်ကျက်စား လေ့မရှိဘဲ အာကာဝေဟင်မှာပဲ ကျင်လည်ကျက်စားလေ့ရှိပါ တယ်။ စကားထာလေးကို ကြည့်လိုက်ကြပါဦး။

*စာသုံးလုံးအလယ်(ယုန်) ပါသည်*
*မြေမှာ မကျင်လည်၊*
*ထက်အာကာဆီ ဖျံလို့သွား*
*ဘယ်လို့ ငှက်လဲများ.... တဲ့။*

သည်လောက်ဆိုရင် ဘယ်လိုငှက်မျိုးဖြစ်မလဲဆိုတာ အဖြေမှန်ကို ပေးကြည့်ကြပါဦး။

www.burmeseclassic.com

www.burmeseclassic.com



# အငြိ

လင်းယုန်ငှက်။

မြတ်မင်းကျော် စာပေ

www.burmeseclassic.com

www.burmeseclassic.com





အခုတစ်ခါ ဝှက်မယ့်စကားထာလေးကတော့ ကမ္ဘာ့မြေပုံထဲက သိပ်ကို ထင်ရှားတဲ့ တိုက်ကြီးတစ်တိုက်ကို ပဟေဠိဝှက်ထားတာ ဖြစ်ပါတယ်။ ကဲ... စကားထာလေးကို ကြည့်လိုက်ကြရအောင်။

*တိုက်လို့တော့....ခေါ်*
*ဆောက်အုံနော် မဟုတ်ဘဲ။*
*အာခံတွင်း ဒထ်ရာရတယ်*
*နာမ.... ဘာလဲ...တဲ့။*

အဲသည် စကားထာလေးထဲမှာ တတိယအကြောင်းဟာ အဖြေမှန်ကို ရရှိစေဖို့အတွက် သဲလွန်စလေးပေးထားတဲ့ စာကြောင်းလေးပါ။ ဒါဆိုရင် အဖြေမှန် ပေးနိုင်လောက်ပါပြီ။


ကိုင်း... ဖြေကြည့်လိုက်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com







# အငြိ

အာရှတိုက်။

မြတ်ခန်းဆုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com


သည်တစ်ခါဝှက်မယ့် စကားထာလေးကတော့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ "ကျောက်" ဆိုတဲ့ စာလုံးနဲ့စတဲ့ မြို့ကြီးနှစ်မြို့ကို ပဟေဠိဝှက်ထားတာပါပဲ။ အဲသည်မြို့ကြီးနှစ်မြို့ဟာ အရောင်ချင်းကတော့ ဆန့်ကျင်ဖက်ဖြစ်သလို တည်ရှိတဲ့ ပြည်နယ်ချင်းကလည်းကွာခြားနေပြန်ပါတယ်။ ကဲ...စကားထာလေးကို ဖတ်ကြည့်လိုက်ကြပါဦး။

*မြန်မာပြည်မှာ နှစ်မြို့ရှိ*
*(ကျောက်)နဲ့ စပါ့ ၏။*
*ရှိပေမဲ့လည်း မြို့နှစ်ဖြာ*
*ပြည်နယ်မတူပါ၊*
*အရောင်မှာလည်း ဆန့်ကျင်ရဲ့*
*ဘာမြို့...ဖြေပါလှည့်....တဲ့။*

စာလုံးတိုင်း၊ စာလုံးတိုင်းမှာ သဲလွန်စလေးတွေရှိနေတာမို့ အဖြေမှန်ပေးနိုင်လောက်ပြီထင်ပါရဲ့။


www.burmeseclassic.com

www.burmeseclassic.com



# အငြ

## ကျောက်မဲမြို့နှင့် ကျောက်ဖြူမြို့

မြတ်မင်းကုံ ဟာသ

www.burmeseclassic.com

www.burmeseclassic.com






သည်တစ်ခါဝှက်မယ့် ပဟေဠိ စကားထာလေးကတော့ "ယို" ဆိုတဲ့ စာလုံးလေးနဲ့ ပတ်သက်ပြီး ပဟေဠိထားတာပါ။

ယိုတွေအများကြီးရှိပေမဲ့...ပဟေဠိဝှက်ထားတဲ့ယိုကတော့ ရေဒီယိုလည်းမဟုတ်၊ ဗီဒီယိုလည်းမဟုတ်၊ ယုတ်စွအဆုံး စားသောက်သုံးဆောင်လို့ရတဲ့ ယိုတွေတစ်ခုမှ မဟုတ်ဘူး ဆိုပဲ။ ကဲ.. ဖတ်ကြည့်လိုက်ပါဦး။

**ယိုတော့....ယို**
**ရေဒီယို မဟုတ်...**
**ဗီဒီယို မဟုတ်..**
**စားဖွယ်ယို မဟုတ်..**
**အကြောသေ ရောဂါဆန်း**
**ဖြေစမ်းအဟုတ်... တဲ့။**

ကိုင်း... ဒါဆိုရင်... အဲသည်ယိုဟာ ဘာယိုဖြစ်မယ်ဆိုတာကို ဖြေကြည့်စမ်းပါကွယ်။



www.burmeseclassic.com

www.burmeseclassic.com






# အဖြေ

ပိုလီယို။

မြတ်မင်းဂုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com





ခုတစ်ခါဝှက်မယ့် စကားထာပဟေဠိ ကလေးကတော့ လူတွေရဲ့အသုံးအဆောင်ပစ္စည်းလေး တစ်ခုကိုရည်ညွှန်းထားပါ။ အသုံးအဆောင် ပစ္စည်းလေးတစ်ခုပါပဲ။

ကိုင်း . . . ဘယ်လိုစကား ထာ ဝှက်ထားတယ်ဆိုတာကို ကြည့်လိုက်ကြရအောင်။

**(ရှူး) ပေမဲ့လည်း ဆန်းစစ်ရာ**
**ထင်းရှူး မဟုတ်ပါ၊**
**သန့်ရှင်းရေးမှာ မသုံးမဖြစ်**
**ရှူးဝါး... နံပါတ်တစ်... တဲ့။**


"ရှူး"ဆိုတဲ့စကားလုံးတွေနဲ့သဲလွန်စပေးထားတာမို့ အဖြေမှန်ကိုရနိုင်လောက်ပြီ ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com





အငြဲ

# တစ်ရှူးစက္ကူ

မြတ်ဝန်းသုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com



အခုတစ်ခါဝှက်မယ့် စကားထာလေးကတော့ မြန်မာနိုင်ငံမှာ ဘုရင်တွေ စိုးစံခဲ့စဉ်က ခေတ်တွေများစွာ ရှိတဲ့အနက် ခေတ်တစ်ခေတ်ရဲ့ အမည်နာမကို ယူပြီး စားသောက်ဆိုင်တွေမှာ ကြော်လှော်ရောင်းချတဲ့ စွားဖွယ်အမျိုးအမည်တစ်ခုကို ပဟေဠိဝှက်ထားတာပါ။ ဖတ်ကြည့်လိုက်ပါဦး။

*သမိုင်းတစ်ခေတ်ရဲ့ နာမအမည်*
*မှည့်လို့ ခေါ်ထားသည်။*
*ရသာတွေလီ စားဖွယ်ပဲ*
*ဘာအကြော်တဲ့လဲ... တဲ့။*

ကိုင်း.... စားသောက်လို့ အရသာထူးတယ်ဆိုတဲ့ အကြော်ဟာ ဘယ်လို အကြော်ဖြစ်မယ်ဆိုတာ ဖြေကြည့်ကြပါဦး။

[illegible]

www.burmeseclassic.com

www.burmeseclassic.com






# ၁၈၉

ကုန်းဘောင်ကြီးကျော်။

www.burmeseclassic.com

www.burmeseclassic.com





အခုတစ်ခါဝှက်ထားတဲ့ စကားထာလေးကတော့ "လုပ်တိုင်း" လို့ခေါ်တဲ့ သုသာသချိုင်းမြေမှာ ကျင်လည်ကျက်စားလေ့ရှိတဲ့ ငှက်တစ်မျိုးပါပဲ။ အဲသည်ငှက်ဟာ လွန်စွာမှအကြည့်ရဆိုးပြီး အပုပ်အစပ်တွေစားတယ်ဆိုပဲ။ ဒါပေမဲ့ လည်း သူက... ပင့်ဖိတ်တဲ့သူရှိမှ အစာရှာသွားတယ်တဲ့။ ဒါကြောင့်...သူကို "ငှက်ဘုန်းကြီး" လို့လည်းခေါ်ကြပြန်သေးတယ်။

(ငှက်ဘုန်းကြီး) လို့ အမည်တွင်
ဆိုးပ သူ့ရုပ်သွင်၊
ကျိုးတို့ ခေါ်ငင် ပင့်ဆောင်မှ
ဟာန်နဲ့ ပန်နဲ့ကြွ....တဲ့။

ဒါဆိုရင် အဲသည် ရုပ်ဆိုးငှက်ကြီးဟာ ဘယ်ငှက်များဖြစ်လိမ့်မယ်ဆိုတာကို အဖြေမှန်ပေးကြည့်ကြပါဦး။


www.burmeseclassic.com

www.burmeseclassic.com



# အငြ

လင်းတင့်ကာ်၊

မြတ်ယန်းဘုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com





ခုတစ်ခါ ဖုက်မယ့် စကားထာလေးကတော့ လူတွေ၊ သတ္တဝါတွေမှာရှိတတ်တဲ့အစိတ်အပိုင်းတစ်ခုပါ။ လူတွေမှာဆိုရင် ခြေမှာသော်လည်းကောင်း၊ လက်မှာသော်လည်းကောင်း ရှိတတ်တာပါ။ မာကြောပြီး ပွတ်တိုက်ပေးရင် ပြောက်လက်နေတတ်တယ်တဲ့။ မကြာခဏဖြတ်ပေးဖို့ လိုပါတယ် ။ ဒါမှ တစ်ကိုယ်ရေ သန့်ရှင်းရေးနဲ့ ပြည့်စုံမှာပါ။

ခြေမှလည်းရှိ လက်လည်းရှိ
မာကြောပြောင်လက်ဘိ
ကိုက်ဖြတ်တိဖို့ လိုပါသည်
သို့မှ သန့်ရှင်းမည်၊
၄င်းတို့ အမည် သဲလွန်စ
(သည်း) လို့ပါသဗျ... တဲ့။

တိုင်း...အဖြေမှန်လေးတွေပေးကြည့်ကြပါဦး။

www.burmeseclassic.com

www.burmeseclassic.com






# အငြိ

ခြေသည်း၊ လက်သည်း၊

www.burmeseclassic.com

www.burmeseclassic.com





သည်တစ်ခါ ဝှက်မယ့် စကားထာလေးကတော့ ဘာသာရေးနဲ့ ပတ်သက်တဲ့ ပဟေဠိလေးပါပဲ။ စကားလုံးလေးနှစ်လုံး တည်းပဲရှိပါတယ်။

တကယ်တော့ "ခိုး" တယ်ဆိုတာဟာ အဒိန္နာဒါနာကံကို ကျူးလွန်တာပါပဲ။ ခိုးခြင်းဟာ အကုသိုလ်အမှုဖြစ်ပေမဲ့ ဟောဒီ ခိုးခြင်းကတော့ အကုသိုလ်မဖြစ်တဲ့အပြင် ကုသိုလ်တောင် ရတယ်ဆိုပဲ။ ကဲ…စကားထာလေးကိုကြည့်လိုက်ကြရအောင်။

*စကားနှစ်လုံးရှိလေရာ*
*နောက်မှာ (ခိုး) တဲ့ကွာ၊*
*ထို(ခိုး) ဆိုတာ အပြစ်မကျ*
*ကုသိုလ်အမှန်ရ…တဲ့။*

သည်လောက်ဆိုရင် အဖြေမှန်ပေးနိုင်လောက်ပြီ ထင်ပါရဲ့နော်။



www.burmeseclassic.com

www.burmeseclassic.com





# အငြိ

ရှိခိုး။

www.burmeseclassic.com

www.burmeseclassic.com






သည်တစ်ခါဝှက်မယ့် စကားထာပဟေဠိလေးကတော့ အထူးသဖြင့် ပျို့မေမိန်းမသားတွေ အသည်းလှိုက်လှိုက်ဘဝင်ခိုက်အောင်နှစ်သက်ကြောင့် အဖိုးတန်ပစ္စည်းကို ပဟေဠိဝှက်ထားတာပါ။

သူ့အသွင်သဏ္ဌာန်က ဝိုင်းဝိုင်းစက်စက်တဲ့၊ အဲသည်မှာမှ ခြူးပန်းခြူးနွယ်တွေနဲ့ လက်ရာမြောက်ပုံဖော်ထားသေးသတဲ့။

*ကနုတ်ခြူးပန်း လိမ်ယှက်နွယ်*
*ဝိုင်းဝိုင်းစက်စက်ကွယ်၊*
*ပျို့မေစိတ်ဝယ် ဘဝင်ခိုက်*
*ပစ္စည်းအဖိုးထိုက် ... တဲ့။*


ဒါလောက်ဆိုရင် ပျို့မေမိန်းမသားတွေ ကြိုက်တဲ့ဘာများလဲဆိုတာကို အဖြေမှန်ပေးနိုင်လောက်ပါပြီနော်။



www.burmeseclassic.com

www.burmeseclassic.com






# အငြဲ


လက်စွပ်၊ လက်ကောက်

မြတ်ဝန်းသူ့ စာပေ

www.burmeseclassic.com

www.burmeseclassic.com





သည့်တစ်ခါဝှက်မယ့် စကားထာလေးကတော့ လူ့အသုံးအဆောင်ပစ္စည်းကလေးတစ်ခုပါ။ အထူးသဖြင့် ပြည်ချစ်၊ နိုင်ငံချစ်တပ်မတော်သားတွေ၊ ရေကြောင်း ခရီးသွားလာနေကြသူတွေ မသုံးမဖြစ် လက်ကိုင်ပြုသုံးစွဲကြရတဲ့ ပစ္စည်းလေးဆိုရင် မမှားပါဘူး။

တဲ...ပဟေဠိစကားထာလေးကို ကြည့်လိုက်ရအောင်။

***သူလုပ်ခဲ့တာ မှားတယ်လား***
***ဘယ်မှ မရွေ့လျား။***
***အကယ်၍မျှားသူလုပ်တာ***
***မှားနေခဲ့လျှင်သာ။***
***လျှင်မြန်မကြာ သူပြောင်းရွေ့***
***အဲဒါ ဘာလဲဟော့...တဲ့။***

မှားရင် ငြိမ်နေမယ်၊ မှန်ရင်ဖြင့် ရွေးလျားမယ်၊ ပြောနိုင်မယ်ဆို တော့အဲသည်ပစ္စည်းဟာ ဘာပစ္စည်းဖြစ်မှာပါလိမ့်။ အဖြေမှန်လေး ပေးကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com






# အဖြေ

မှန်ပြောင်း။



www.burmeseclassic.com

www.burmeseclassic.com 

၆




သည်တစ်ခါဝှက်မယ့် စကားထာလေးကတော့ သတ္တဝါအမျိုးအစား တစ်ကောင်ရဲ့ အမျိုးအမည်ကို ပဟေဠိဝှက်ထားတာပါ...

အဲသည်သတ္တဝါလေးဟာ အရောင်စုံအသွေးစုံနဲ့ အလွန်ကိုလှပပါတယ်။ ဥယျာဉ်စိုက်ပျိုးသူတွေအပေါ်အကျိုးပြုတဲ့ သတ္တဝါလေးဆိုရင်မမှားပါဘူး။ ကဲ...စကားထာလေးကိုကြည့်လိုက်ကြရအောင်။

*ကိုယ့်ဖက်ကိုယ်ယက် သတ္တဝါ*
*ပြာပုံထဲတိုးတာ*
*လေမှာဝဲလို့ ပန်းတွေကြား*
*ပျံသွားနေပါလား....တဲ့။*

သည်လောက်ဆိုရင် သည်သတ္တဝါလေးရဲ့ အမည်နာမကို ဖော်ထုတ်နိုင်လောက်ပြီထင်ပါတယ်။ ကိုင်း...အဖြေမှန်လေးကို ပေးကြည့်ပါဦး။

**ဖြတ်ပန်းဆုံ စာပေ**

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၀ ဦးကောင်းထူး



# အငြိ

လိပ်ပြာ

မြတ်ပန်းရုံ စာပေ

www.burmeseclassic.com

www.burmeseclassic.com


■ ဗုဒ္ဓ၏ အဆုံးအမကို သိနားလည်ခြင်းဖြင့်

■ အပြစ်ကင်းသော ချမ်းသာသုခကို ရှာဖွေနိုင်သည်။

■ သင်၏ အလုံးစုံချမ်းသာရေးအတွက် ...

# မြတ်ဗုဒ္ဓဝင်

## ရုပ်စုံဓမ္မစာစောင်

လစဉ်ထုတ်ကို

ဖတ်ဖြစ်အောင် ဖတ်ကြည့်စမ်းပါ။

အမြို့မြို့ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။


www.burmeseclassic.com